မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၄၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်
၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအာဏာတည်သည့်နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၇၃/၂၀၁၃
၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်
(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေသည် ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ)အရ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် (၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ ရက်) နေ့မှစတင်၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးအား တွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Christopn Burgener အား အင်းလျားလမ်းရှိ လွှတ်တော်ရုံးခွဲ (ရန်ကုန်)၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr.Christopn Burgener အား ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ် မိုးရေချိန်

၁၇-၉-၂၀၁၃

ကျောက်ဖြူမြို့	၈ ဒသမ ၄၃ လက်မ
ချောင်းဦးမြို့	၅ ဒသမ ၈၅ လက်မ
မြင်းမူမြို့	၅ ဒသမ ၅၁ လက်မ
ထားဝယ်မြို့	၄ ဒသမ ၀၆ လက်မ

ပေါက်မြို့တွင် မိုးသည်းထန်စွာရွာသွန်း တောင်ကျရေများကျဆင်း

ပခုက္ကူ စက်တင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့တွင် စက်တင်ဘာ ၁၂ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ပေါက်မြို့အတွင်း ဖြတ်သန်း စီးဆင်းလျက်ရှိသော ပေါက်ချောင်း၊ ယောချောင်း၊ ကျောချောင်း၊ ဆင်ဆာချောင်းတို့တွင် တောင်ကျရေများကျဆင်းလာသဖြင့် လမ်းပန်းဆက်သွယ်ရေးများ ခေတ္တပြတ်တောက်ခဲ့သည်။

ဇင်းချောင်းများအနက် ပေါက်ချောင်းရေမှာ ကမ်းလုံးပြည့်ကျဆင်းလာမှုကြောင့် ချောင်းကမ်းဘေးရှိ နေအိမ်တစ်လုံးကို အရေးပေါ်ပြောင်းရွှေ့ပေးခဲ့ရသည်။

ဦးတိုက်စီးဆင်း

အလားတူ ရေတိုက်စားမှုမျိုးထပ်မံ မဖြစ်ပေါ်စေရေးအတွက် စက်တင်ဘာ ၁၃၊ ၁၄၊ ၁၅ နှင့် ၁၆ ရက်တို့တွင် ပေါက်မြို့နယ် အုပ်ချုပ်ရေးမှူးက ကြီးကြပ်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဝန်ထမ်းများက ပေါက်မြို့ ပေါက်ချောင်းကမ်းပါးကို ဦးတိုက်စီးဆင်းလျက်ရှိသော တောင်ကျချောင်းရေများကို ရေလွှဲလမ်းများ ဖော်ဆောင်ပေးခြင်း၊ ရေတိုက်စားမှုမှ ကာကွယ်ရေးအတွက် ရေကာတာများ တည်ဆောက်ပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေကြောင်း သိရသည်။

ဝေဖြိုးထွန်း

ယနေ့ မာတိကာ

ဗြိတိန်တွင် ဆရာမတစ်ဦး စာသင်ခန်း၌ ကလေးမွေး — စာ - ၄

လူလိုက်ပါမည့် ရေအောက်သွား ရေယာဉ်သစ် တရုတ်ပညာရှင်များ တည်ဆောက် — စာ - ၅

ဧရာဝတီမြစ်ရေ မန္တလေးတွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ — စာ - ၁၀

အဝေးကွင်းမှာ ခက်ခဲမယ့် ဒေါ့မွန်၊ အိမ်ကွင်းမှာ ကြိုးစားရမယ့် အေစီမီလန် — စာ - ၁၄

မြန်မာ့ရေပြင်ရှိ ငါးသယံဇာတ ဒုတိယအကြိမ် သုတေသနပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၁၇

သဘာဝပင်လယ်ပြင်မှ ငါးသယံဇာတများကို ဒုတိယအကြိမ် သုတေသန ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အပတ်စဉ်ဆွေးနွေးပွဲမှ သိရသည်။

သုတေသနပြု

နော်ဝေနိုင်ငံNorwegian Agency For Development Coorperation(NORAD)နှင့်EAF-Nansen စီမံကိန်းတို့၏အကူအညီဖြင့် အမေရိကန်ဒေါ်လာ ငါးသိန်းကျော် အကုန်အကျခံကာသုတေသနရေယာဉ် R/V Dr.Fridtjof Nansen ဖြင့် နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ ၃၈ ရက်ကြာ မြန်မာ့ပင်လယ်ပြင်ရှိ ငါးသယံဇာတများကို ဒုတိယအကြိမ် သုတေသနပြုလုပ်မည်ဖြစ်သည်။

“ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်းနှင့်ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသတွေမှာ အသံလှိုင်းသုံး ငါးရှာကိရိယာကိုသုံးပြီး ငါးသယံဇာတ ပေါကြွယ်ဝမှု၊ စုစုပေါင်း ငါးထုထည်ပမာဏကို အရင်ကလိုသုတေသနလုပ်မှာပါ။ ရေပေါ်ရေအောက် ကြမ်းပြင်ငါးထုကို တရွတ်ဆွဲပိုက်တွေနဲ့ဖမ်းပြီး တိုင်းတာမှာပါ။ အရင်က အထိအမိနဲ့ အခုတွေ့ရှိချက်တွေ ဘာတွေပြောင်းလဲသွားလဲဆိုတာကို ယခင်က ရရှိခဲ့တဲ့ ကိန်းဂဏန်းအချက်အလက်တွေနဲ့ နှိုင်းယှဉ်ပြီး ငါးလုပ်ငန်းနဲ့ဆိုင်တဲ့ ဌာနတွေက သဘာဝပင်လယ်ပြင် ငါးဖမ်းဆီးထုတ်လုပ်ရေးအတွက် သယံဇာတ လျော့နည်းမသွားရအောင် စီမံခန့်ခွဲမှာပါ”ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြောသည်။

၁၉၇၉-၁၉၈၀ နှစ်များက ယခုသုတေသနသင်္ဘောနှင့်ပင် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (FAO)၏ အကူအညီဖြင့် မြန်မာ့ပင်လယ်ပြင် စီးပွားရေးဇုန်(EEZ)ရေအနက်မီတာ ၂၀၀ မှ ၄၀၀ အတွင်း ငါး၊ ပုစွန် သယံဇာတအခြေအနေကို ရက်ပေါင်း

စာမျက်နှာ ၈ ကော်လံ ၅ ●

သတင်း- နန္ဒာဝင်း
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အခြေခံမှစ၍…

အဆောက်အအုံတစ်ခုခု ဆောက်လုပ်ရာတွင် အောက်ခြေ အခြေခံအုတ်မြစ် (Foundation) သည် အရေးအကြီးဆုံး ဖြစ်၏။ အခြေခံအုတ်မြစ်ကောင်းမွန်ခိုင်ခံ့ပါမှ တောင့်တင်း ခိုင်မာသော အဆောက်အအုံများကို တည်ဆောက်နိုင်စွမ်းရှိ၏။ အခြေခံအုတ်မြစ်သည် အဆောက်အအုံကြီးတစ်ခုလုံးအတွက် အရေးအကြီးဆုံးအပိုင်းဖြစ်၏။ မည်မျှပင်ကြီးမားသော အဆောက်အအုံဖြစ်စေကာမူ အခြေခံအုတ်မြစ်မကောင်းလျှင် မကြာမီပြိုလဲသွားနိုင်၏။

ကျွန်ုပ်တို့လုပ်ကိုင်နေကြသော အလုပ်အကိုင်ဟူသမျှ တို့သည်လည်း ဤနည်းလည်းကောင်းပင်ဖြစ်၏။ အလုပ်အကိုင် လုပ်ငန်းတစ်ခုခုသည် အခြေခံကျကျ လုပ်ကိုင်ခြင်းမရှိချေက ထိုလုပ်ငန်းသည် အောင်မြင်ရန် လွယ်ကူလိမ့်မည်မဟုတ်ချေ။ အခက်အခဲအကျပ်အတည်းပေါင်း များစွာဖြင့် ကျော်ဖြတ် ရဖွယ်ရှိချေ၏။ အခြေခံအုတ်မြစ် ကောင်းမွန်သောလုပ်ငန်းတို့မှာ မည်မျှပင်အခက်အခဲများနှင့် ရင်ဆိုင်ရစေကာမူ ရုတ်တရက် ပြိုလဲသွားနိုင်စွမ်းမရှိချေ။

ကျွန်ုပ်တို့နိုင်ငံသည် ယခုအခါ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသော နိုင်ငံတစ်နိုင်ငံဖြစ်၏။ ဒီမိုကရေစီစနစ်သည် အောက်ခြေကို ဗဟိုပြုလေ့ရှိသည်။ ထို့ကြောင့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှု (People's Centred Development)ကို ဦးစားပေး ဆောင်ရွက်နေပြီဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ခေတ်အဆက်ဆက်က လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် အထက်မှအောက် (From Top to Bottom) စနစ် တစ်လမ်းသွားစနစ်ကိုသာ အများအားဖြင့် ကျင့်သုံးလုပ်ကိုင်လာကြ၏။ ယခုအခါ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲဖော်ဆောင်နေပြီဖြစ်၍ ထိုစနစ်မှာ ပြောင်းပြန်စနစ်သို့ ပြောင်းလဲသွားပြီဖြစ်သည်။ ဒီမိုကရေစီစနစ်နှင့်အညီ Bottom Up နည်းလမ်းဖြစ်သည့် အောက်ခြေမှစတင်သောစနစ်ကို ဦးစားပေးလုပ်ဆောင်ရတော့မည့်ခေတ် ဖြစ်လာသည်။ လူမှုဆက်ဆံရေးကအစ အယူအဆဟောင်းများ ပြောင်းလဲပြီး ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမှုရှိစေရန် လိုက်ပါပြောင်းလဲရမည်။ အားလုံးသည် Horizontal ဆက်ဆံရေးခေတ်သို့ ရောက်နေပြီဖြစ်သည်။ သို့မှလည်း ဒီမိုကရေစီစနစ်သည် ပိုမိုပီပြင်လာမည် ဖြစ်၏။ လုပ်ငန်းများဖော်ဆောင်လုပ်ကိုင်ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်ကြမည် ဖြစ်၏။ အဓိကရည်ရွယ်ချက်မှာ အားလုံးသောလူမှုဘဝ ကြီးပွားတိုးတက်ဖို့ဖြစ်၏။

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မည်သည့်အလုပ်ကို လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ အောက်ခြေကောင်းအောင် ဆောင်ရွက်သင့်သည်။ အရာရာအခြေခံကောင်းအောင် လုပ်ကိုင်ခြင်းဖြင့် အောင်မြင်တိုးတက်မှုများ ဆက်တိုက်ရရှိလာမည်ဖြစ်ပါကြောင်း။ ။

လူကုန်ကူးမှုပပျောက်ရေး ဒို့တွေပါဝင်ကူညီပေး

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက် ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော် လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော် လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော် ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၁၉၄ တို့ထံသို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ရေရှည်တည်တံ့အောင်ထိန်းသိမ်း

နေပြည်တော် စက်တင်ဘာ ၁၇

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှေးဟောင်းအဆောက်အအုံများဖြစ်သည့် သဗ္ဗညုလဘုရား၊ ဘုရားသုံးဆူဘုရား၊ တရုတ်ပြေးဘုရား၊ စားပွဲတင်ဘုရားစသည့် ဘုရားများနှင့် သာသနိက အဆောက်အအုံများရှိ နံရံဆေးရေးပန်းချီများ၊ အင်္ဂတေပန်းတော့နှင့် အနုလက်ရာများ ကြံ့ခိုင်ထိန်းသိမ်းရေးဆောင်ရွက်နေမှု၊ ဘုရားများ၏ကြံ့ခိုင်မှု၊ ခရီးသွားများ အန္တရာယ်ကင်းရှင်းနိုင်မှု၊ အနုလက်ရာများ ကြံ့ခိုင်တည်ရှိမှု၊ ရှေးဟောင်းပုထိုးဘုရားနှင့် သာသနိက အဆောက်အအုံများ၊ နန်းမြို့ရိုးနှင့် နန်းတော်ရာဟောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆောင်ရွက်မှု၊ မြေယာရှုခင်း ဆောင်ရွက်ထားမှု၊ ပုဂံရှေးဟောင်း သုတေသနပြတိုက်ခင်းကျင်းပြသမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာ ယခုကာလသည် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များ ယခင်ကထက် ပိုမိုများပြားစွာ လာရောက်လေ့လာလျက်ရှိကြောင်း၊ ပုဂံဒေသသည် မိမိတို့နိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဒေသတစ်ခု ဖြစ်ကြောင်း၊ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀နီးပါးက တည်ထားခဲ့သည့် ဘုရားပုထိုးများနှင့် သာသနိက အဆောက်အအုံများ၊ နန်းမြို့ရိုးနှင့် နန်းတော်ရာများသည် မိမိတို့၏ ရှည်လျားသော သမိုင်းကြောင်း၊ မြင့်မားသော ယဉ်ကျေးမှု အဆင့်အတန်းအတွက် ခိုင်မာသည့် အထောက်အထားများဖြစ်ကြောင်း၊ အဆိုပါ အထောက်အထားများကြောင့်ပင် မိမိတို့သည် ကမ္ဘာ့အလယ်တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားသည့် လူမျိုးအဖြစ် ဂုဏ်ထည်စွာ နေထိုင်နိုင်လျက်ရှိကြောင်း၊ ဘိုးဘွားများ၏ အမွေအနှစ်များကြောင့် မိမိတို့မှာ ဂုဏ်ယူပီတိ ဖြစ်ရသလို နောင်မျိုးဆက်သစ်များ မိမိတို့ကဲ့သို့ ဂုဏ်ယူမြတ်နိုး တန်ဖိုးထားခွင့်ရအောင်၊ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမည့်လုပ်ငန်းသည် အလွန်အရေးကြီးကြောင်း၊ ထိုလုပ်ငန်းသည် မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန် တစ်ရပ်ဖြစ်ကြောင်း၊ ထို့အတူ ပြည်သူများတွင်လည်း တာဝန်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် စေတနာထားပြီး စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားဧည့်သည်များ အဆင်ပြေစွာ လေ့လာနိုင်ရေး၊ အန္တရာယ်ကင်းရှင်းစေရေးကိုလည်း သတိပြုဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုအခါ ခရီးသွားဧည့်သည်များ ပိုမိုများပြားလာသည်နှင့်အမျှ ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှုမရှိစေရေး စောင့်ကြည့်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးပြီး ဂုဏ်ယူလိုသည့် စိတ်ရှိစေရေးနှင့် တည်ဆဲဥပဒေများကို နားလည်မှုရှိစေရေး အသိပညာပေးရန် လိုအပ်ကြောင်း၊ ပြတိုက်များသည် ပြည်သူလူထုကို အသိပညာဖြန့်ဝေပေးသည့် နေရာဖြစ်ကြောင်း၊ ပြတိုက်ပစ္စည်းများ လုံခြုံရေးစနစ်တကျ ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားဘားအံမြို့၌ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပြည်နယ်အတွင်း လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားကြသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးပြခန်းကို ကြည့်ရှုအားပေးခဲ့သည်။

ပေးအပ်

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၉နာရီက ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် ကြက်ခြေနီသူနာပြု စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်သူများပါဝင်သည့် အုပ်ချုပ်ရေးဝန်ဆောင်မှုစနစ်သို့ ကူးပြောင်းနေမှုများရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၁၇

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်ရှိ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အမှာစကား ပြောကြားပြီး **(ယာပုံ)** ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရှေ့အလားအလာကိစ္စများ၊ ပြည်သူဗဟိုပြုအုပ်ချုပ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လူ့အရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်နှင့် သယံဇာတအရင်းအမြစ် လိုအပ်မှုများနှင့် အုပ်ချုပ်ရေးအပိုင်းအနေဖြင့် ပြည်သူများပါဝင်သည့် အုပ်ချုပ်ရေးဝန်ဆောင်မှုစနစ်သို့ ကူးပြောင်းနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်နှင့်ပြည်နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိ မြို့ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ပညာရေး၊ ကျန်းမာရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်များ ထုတ်ပေးထားမှု၊ လျှပ်စစ်မီးလင်းရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေနှင့်သန့်ရှင်းသော သောက်သုံးရေ အလုံအလောက်ရရှိရေး၊ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့ကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘေးမဲ့တောတည်ထောင်ခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းရှိ ချောင်းပုံကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

မိုးရေချိန်လက်မ ၄၀ အောက် ရွာသွန်းသော နေရာဒေသများကို မိုးနည်းရပ်ဝန်းဒေသဟု သတ်မှတ်ပြီး မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးသုံးခုပါဝင်၍ နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသဖြစ်သဖြင့် သစ်တော သစ်ပင်ပေါက်ရောက်မှုကျဲပါးသည်။ ဒေသခံများ၏ ထင်းလောင်စာလိုအပ်ချက်နှင့် အခြားစီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် အဓိကအသုံးပြုမှုများကြောင့် အပူပိုင်းဒေသရှိ တောများလျော့နည်းပြုန်းတီးခဲ့ရသည်။ အပူပိုင်းဒေသတွင် ပါဝင်လျက်ရှိသော ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ ချောင်းပုံကန်ဘေးမဲ့တောသည် ဒေသအတွင်းရှိ ပြည်သူများ၏ အသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းထားသော နေရာဒေသတစ်ခုဖြစ်သည်။ ဧရိယာ ၅၄၅ ဧကကျယ်ဝန်းပြီး မြန်မာ့ရှားသစ်မျိုးများ ပေါက်ရောက်လျက်ရှိပြီး မြန်မာ့ရွှေသမင်နှင့် အခြားသားငှက်တိရစ္ဆာန်များ ကျက်စားနေထိုင်ရာဖြစ်သည်။ ချောင်းပုံကန်ဘေးမဲ့တောအား ပတ်ဝန်းကျင်ရှိ ဒေသခံကျေးရွာငါးရွာမှ ပြည်သူများ၏ဆန္ဒနှင့်အညီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော တစ်ခုအဖြစ် သတ်မှတ်ဖွဲ့စည်းပေးခဲ့သည်။

ဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက ယခုဖွဲ့စည်းသည့် ချောင်းပုံကန်ဘေးမဲ့တောအပါအဝင် သဘာဝနယ်မြေ ၃၈ ခု တည်ထောင်ပြီးဖြစ်ကြောင်း၊ ဘေးမဲ့တောတည်ထောင်ခြင်းဖြင့် ဇီဝမျိုးစုံ မျိုးကွဲများကို ထိန်းသိမ်းကာကွယ်နိုင်သည့်အပြင် ဒေသ၏ရေမြေနှင့် ရာသီဥတုတို့ကိုပါ မျှတညီညွတ်စေနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဘေးမဲ့တောရေရှည်တည်တံ့ရေးနှင့် အနာဂတ်သားစဉ်မြေးဆက်အား သဘာဝပတ်ဝန်းကျင် အမွေခံကောင်းများ လွှဲပြောင်းပေးနိုင်ရေးတို့အတွက် ဒေသခံ ကျေးလက်ပြည်သူများက အသိစိတ်ဖြင့် ထိန်းသိမ်းရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်းရှိ ကျေးရွာပိုင်တစ်ရွာတစ်ဧက စိုက်ခင်းများ ကြည့်ရှုစစ်ဆေးခြင်း၊ မြိုင်မြို့နယ် ထန်းငယ်တောကျေးရွာ မူလတန်းကျောင်းတွင် ကျင်းပသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း၊ ထန်းငယ်တောကျေးရွာ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်သစ်တောတွင် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သဘာဝရှားတောအားစစ်ဆေးကြည့်ရှုခြင်း၊ စွမ်းအားမြင့်မီးဖိုများ လှူဒါန်းခြင်း၊ ရေစကြိုမြို့နယ် ကျေးရွာသုံးထင်းစိုက်ခင်းအား စစ်ဆေးခြင်း၊ ရှင်မတောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ရေစကြိုမြို့နယ်ရှိ ရှင်မတောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ၁၉၉၅ ခုနှစ်မှစတင်၍ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း ၅၃၅၁ ဧက၊ သဘာဝတောကျန်များ ထိန်းသိမ်းခြင်းများ ၁၂၇၄ ဧက ဆောင်ရွက်ခဲ့ရာ ယခုအချိန်၌ တောအဆင့်အတန်း တိုးတက်ကောင်းမွန်လာပြီး စိမ်းလန်းစိုပြည်၍ ရွှေသမင်နှင့်အခြားသားငှက်တိရစ္ဆာန်များ ကျက်စားနေထိုင်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ စက်တင်ဘာ ၁၅ ရက်တွင် ပခုက္ကူမြို့နယ်ရှိ တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ဝဲပုံ)** ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အနေဖြင့် တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများအား ၁၉၉၈ ခုနှစ်မှ စတင်၍ သစ်တောစိုက်ခင်း တည်ထောင်ခြင်း ၆၆၁၁ ဧက၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း ဧက ၃၇၄၀၀၊ ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း၊ ကွန်တိုပေါင်စိုက်ပျိုးခြင်း အပင် ၂၁၅၈၀ တို့အား ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အထောက်အကူ ဖြစ်စေရန်အတွက် ဧရာဝတီမြစ်မှ ရေတင်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရေဂါလန် ၃၀၀၀၀၊ ၂၀၀၀၀၊ ၁၀၀၀၀ ဆံ့ ရေလှောင်ကန်များ တည်ဆောက်၍ အဆင့်ဆင့် မြစ်ရေတင်၍ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထိုမြစ်ရေတင်ဆောင်ရွက်မှုသည် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက်သာမက တောင်ပေါ်ရှိ ဘိုးဘွားရိပ်သာနှင့် ဘုရားဖူးများအတွက်ပါ သောက်သုံးရေ ဖြန့်ဝေပေးနိုင်သည်။ တန့်ကြည်ရွာ ကျေးလက်နေပြည်သူများအတွက် ရေနှင့်လျှပ်စစ်မီးလင်းရေးအတွက်လည်း ဌာနနှင့် ဂေါပကအဖွဲ့ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုအချိန်၌ တန့်ကြည်တောင်နှင့် မုံတောင် စသည့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ တောင်စဉ်တောင်တန်းများသည် စိမ်းလန်းစိုပြည်လျက်ရှိသည်ကို တွေ့ရှိရသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

မြန်မာနိုင်ငံတွင် ငါးရှဉ့်မွေးမြူရေးကို စီးပွားဖြစ် မွေးမြူမှု အလွန်နည်းပါးလျက်ရှိသည်။ နည်းပညာပိုင်းအရလည်း အောင်မြင်မှု နည်းခဲ့ကြောင်း သိရသည်။

"ယခု ကျွန်တော်တို့ဆီက ငါးရှဉ့်တွေကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူ နေပါတယ်။ အမျိုးအစားမရွေး၊ အရွယ်မရွေး၊ ဝယ်ယူပါတယ်။ သူတို့က မြန်မာ့ငါးရှဉ့်ဆို ဘာပဲဖြစ်ဖြစ် ကြိုက်ပြီးသားပဲ။ နှစ်ပေါင်းများစွာလည်း ဝယ်လာပြီးပါပြီ။ ဈေးလည်းပေးပါတယ်။ ယခင်နှစ်က တရုတ်နိုင်ငံကို ငါးရှဉ့်ရောင်းချခဲ့တာ နိုင်ငံခြားဝင်ငွေ ဒေါ်လာ ၄၈ သန်းရရှိခဲ့ပါတယ်။ ခုလည်း သုံးလေးလအတွင်း နိုင်ငံခြားဝင်ငွေဒေါ်လာ ၂၆ သန်းကျော် ရရှိနေပြီမို့ ဝန်ကြီးဌာနလျာထားချက် နိုင်ငံခြားဝင်ငွေ ဒေါ်လာသန်း ၃၀ ကျော်လွန်ဖို့ သေချာပါတယ်။ ခုလည်း တရုတ်နဲ့အပြိုင် ဂျပန်နိုင်ငံက လာရောက်ဝယ်ယူဖို့ ကမ်းလှမ်းနေပါတယ်။ တရုတ်နဲ့အပြိုင်ပေါ့။ ကိုရီးယားကလည်း မြန်မာ့ငါးရှဉ့်ကို ဝယ်ယူဖို့ ကမ်းလှမ်းထားပါတယ်။ ငါးရှဉ့်ဈေးကတော့ နောင်အနာဂတ်မှာ တော်တော့ကိုလှမှာပါ။ ခုတော့ မြန်မာနိုင်ငံမှာ ငါးရှဉ့်ကို စီးပွားဖြစ် မွေးမြူဖို့လုပ်နေကြပါပြီ"ဟု ငါးရှဉ့်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဘသော်က ထပ်မံရှင်းပြခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ငါးရှဉ့်ပေါက်ဈေးသည် ရန်ကုန်မြို့ ကမ်းနားစံပြငါးဈေးကြီး၌ တစ်ပိဿာ ငွေကျပ် ၇၀၀၀ မှ ၉၀၀၀ ဈေးအထိရှိသည်။ ငါးရှဉ့်ကို မြန်မာနိုင်ငံတွင် ဇွန်၊ ဇူလိုင်၊ မိုးဦးကျလများတွင် အများဆုံးထွက်ရှိပြီး တရုတ်နိုင်ငံသို့ တစ်နေ့ ဆယ်ဘီးကား ကိုးစီး၊ ဆယ်စီးခန့်ဖြင့် ကုန်သွယ်ပို့ဆောင်ပေးလျက်ရှိသည်။ ၁၉၉၀ ခုနှစ်ကတည်းက မြန်မာ့ငါးရှဉ့်များကို တရုတ်နိုင်ငံက ဝယ်ယူစားသုံးလျက်ရှိသည်။

"အခုဆို ကျွန်မတို့ဒိုင်တွေကို ငါးရှဉ့်ကုန်သွယ်မှုစိတ်ဝင်စားကြတဲ့ နိုင်ငံခြားသားတွေ ခဏခဏ လာမေးကြပါတယ်။ အထူးသဖြင့် ဂျပန်နဲ့ ကိုရီးယားတွေပါ။ သူတို့ဆီမှာက ငါးရှဉ့်ပွဲတော် လုပ်တယ်လို့ ပြောပါတယ်။ အဲဒီပွဲတော်လုပ်တဲ့အခါမှာ တရုတ်နိုင်ငံက အများဆုံးဝယ်ယူတယ်လို့ သိရတယ်။ သူတို့ တရုတ်ကဝယ်တဲ့ ငါးရှဉ့်တွေကို ဒီကသွားတယ်လို့ ခုမှပဲ သူတို့သိတာ။ ဒါကြောင့် သူတို့မြန်မာငါးရှဉ့်ကို ပိုပြီးစိတ်ဝင်စားလာကြတယ်။ သူတို့ ခုနောက်ပိုင်း မြန်မာနိုင်ငံကပဲ တိုက်ရိုက်ဝယ်တော့မယ်လို့ ကျွန်မတို့ဆိုင်ကို လာရောက်လေ့လာသွားတဲ့ ဂျပန်တစ်ဦးက ပြောသွားတယ်"ဟု ကမ်းနားစံပြငါးဈေးကြီး ငါးရှဉ့်ဒိုင်မှ ဒေါ်မိုးက ပြောပြသည်။

ငါးရှဉ့်သည် အထူးတလည် စီးပွားဖြစ်မွေးမြူခြင်းထက် သဘာဝအလျောက် မြစ်ချောင်းအင်းအိုင်များအတွင်း မွေးမြူခြင်းက ပိုမိုဖြစ်ထွန်းသည်ဟု ငါးရှဉ့်ပညာရှင်အချို့က သုံးသပ်ကြသည်။ ငါးရှဉ့်မွေးမြူခြင်းသည် ငါးမျိုးမွေးမြူရခြင်းနှင့်မတူဘဲ ငါးရှဉ့်အစာသည် သား၊ ငါးနှင့်နုန်း၊ ဒိုက်တို့ပင်ဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် ငါးရှဉ့်မွေးမြူရေးကို ယနေ့အချိန်ထိ စီးပွားဖြစ် တွင်ကျယ်စွာ မွေးမြူနိုင်ခြင်း နည်းနေသေးခြင်းဖြစ်သည်။ ယခုအခါ ဂျပန်နိုင်ငံသည် မြန်မာ့ငါးရှဉ့်နှင့် ကဏန်းပျော့တို့ကို တရုတ်နှင့်အပြိုင် ဝယ်ယူကုန်သွယ်မှုပြုလုပ်ရန် အချိန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

LL.M ဘွဲ့ရ အလုပ်လျှောက်ထားသူများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲများ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများတွင် LL.Mဘွဲ့ရ အလုပ်လျှောက်ထားလာသူများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စဉ်	ဖြေဆိုမည့်ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	English	၅-၁၀-၂၀၁၃ရက် (စနေနေ့)	နံနက် ၉ နာရီမှ ၁၂ နာရီအထိ	အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်) အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (ရန်ကုန်နည်းပညာတက္ကသိုလ်)
(ခ)	သက်ဆိုင်ရာ ဘာသာရပ်	၆-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)	နံနက် ၉ နာရီမှ ၁၂နာရီ အထိ	

၂။ အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁နှင့် ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်

နိုင်ငံတကာဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုသည် အရည်အချင်းပြည့်ဝသော မြန်မာနိုင်ငံသားကုမ္ပဏီများနှင့် ပူးပေါင်းလုပ်ကိုင်မည့်သူကို ရှာဖွေလျက်ရှိပါသည်။ ကျွန်ုပ်တို့ကုမ္ပဏီတွင် နိုင်ငံတကာအဆင့်မီ စိတ်ကူးနှင့် ဘဏ္ဍာရေးလုပ်ငန်းလုပ်ကိုင်မှုအတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားပါသည်။ မြေပိုင်ရှင်များအနေဖြင့် ၄င်းတို့၏မြေပေါ်တွင် အဆောက်အအုံဆောက်လိုပါက ကျွန်ုပ်တို့ဘက်မှ အကောင်းဆုံးဆောက်လုပ်ပေးပါမည်။ မြန်မာနိုင်ငံမှ စိတ်ဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လိုပါသည်။ ပူးပေါင်းဆောင်ရွက်မည့် မြန်မာအင်ဂျင်နီယာများကိုလည်း နိုင်ငံတကာစံချိန်မီအဆောက်အအုံများ ဆောက်လုပ်နိုင်ရန်နှင့် နိုင်ငံခြားအင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်ရန် သင်တန်းများပို့ချကူညီပေးသွားမည်ဖြစ်ပါသည်။

(၁) ပုဂ္ဂလိက(သို့မဟုတ်) ကုမ္ပဏီဧရိယာ ၂ ဧကမှ ဧက ၂၀အတွင်း နေရာကောင်း အဆောက်အအုံ ဆောက်နိုင်သောနေရာ။
(၂) နှစ်ဦးနှစ်ဖက် သဘောတူညီချက်နှင့် ရင်းနှီးမြှုပ်နှံမှုအရ ဝင်ငွေကိုခွဲဝေခြင်း။
(၃) မြို့လယ်ကောင်မြေနေရာ (သို့မဟုတ်) ယာဉ်အသွားအလာများသော လမ်းမကြီးဘေး။

ဖုန်း-၀၉-၄၃၁၀၀၈၈၄၊ ၀၁-၆၆၇၆၁၈၊ ၀၉-၄၅၀၀၁၁၀၂၇၊ ၀၉-၈၆၃၄၀၉၉
E-mail:braver 2013 ww.@gmail.com

နိုင်ငံတကာသတင်း

ဗီယက်နမ်တွင် မိုဘိုင်းဖုန်းသုံးသူ ဦးရေ မြင့်မားလာ

ဟန်နွိုင်း စက်တင်ဘာ ၁၇

ဗီယက်နမ်နိုင်ငံ၌ ၂၀၁၂ နှစ်ကုန်တွင် မိုဘိုင်းဖုန်း ၁၃၁ ဒသမ ၆ သန်းနှင့် လိုင်းငှားရမ်းအသုံးပြုသူ ၉ ဒသမ ၅ သန်း တပ်ဆင်အသုံးပြုလျက်ရှိပြီးဖြစ်သည်ဟု ဗီယက်နမ် သတင်းနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ သတင်းနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဈေးကွက်အနေအထားအရ တယ်လီဖုန်းနှင့် အင်တာနက်ငှားရမ်းသုံးစွဲသူများ လျော့ကျခဲ့သော်လည်း ၂၀၁၁ ခုနှစ်ကျော်ကာလ၌ မိုဘိုင်းနှင့် အင်တာနက်သုံးစွဲသူများမှာ ၃ ဒသမ ၄၂ ရာခိုင်နှုန်းနှင့် ၃ ဒသမ ၄၆ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်ဟု သိရသည်။

တီဗွီကြည့်ရှုမှုမှာလည်း ၂၀၁၁ ကျော်က နှစ်ဆနီးပါးမြင့်တက်ခဲ့ပြီး ၎င်းမှ အခွန်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရရှိခဲ့သည်။ ၂၀၁၂ ခုနှစ်ထဲ၌ နိုင်ငံ၏ အိုင်စီတီအခန်းကဏ္ဍမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၅ ဘီလီယံ ရရှိခဲ့သဖြင့် နှစ်အလိုက် ဝင်ငွေ ၈၆ ဒသမ ၃ ရာခိုင်နှုန်း တိုးမြင့်လာခြင်းပင်ဖြစ်သည်။ ဗီယက်နမ်၏ ယင်းဝန်ကြီးဌာနသည် အိုင်စီတီအခြေခံအဆောက်အအုံများ၊ သတင်းနည်းပညာကဏ္ဍ၊ စာတိုက်နှင့် တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍများ၊ အိုင်စီတီ လူ့စွမ်းအားအရင်းအမြစ်များနှင့် သတင်းလုံခြုံရေး စသည့် အိုင်တီနယ်ပယ်များကသတင်းအချက်အလက်များ စသည်တို့ကို ဝန်ဆောင်မှုပေးထားသည်။ **(ဆင်ဟွာ)**

မိုဘိုင်းဖုန်းများသို့ အရေးပေါ်သတိပေးပို့စနစ် ဗြိတိန်တွင်စတင်

လန်ဒန် စက်တင်ဘာ ၁၇

ဗြိတိန်နိုင်ငံတွင် မိုဘိုင်းဖုန်းမှ တစ်ဆင့် ရေကြီးခြင်း၊ စက်မှုအလုပ်ရုံများတွင် မတော်တဆဖြစ်ပွားခြင်းနှင့် အခြားသော ဘေးအန္တရာယ်များကို ဒေသတွင်းသတိပေးနိုင်ရေး စနစ်ကို စတင်စမ်းသပ်ပြီဖြစ်သည်။

အီဆင်ဝုဒ်၊ မြောက်ယော့စ်ရှိုင်းယား၊ လိုင်စတွန်၊ ဆက်ဖ်ဖော့စ်နှင့် ဂလက်စဂိုမြို့များတွင် ယင်းသို့ မိုဘိုင်းဖုန်းများသို့ သတိပေးစနစ် ပေးပို့နိုင်ရေးစနစ်ကို ဗြိတိန်အစိုးရက စတင်စမ်းသပ်လုပ်ဆောင်နေကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၁၆ ရက်က ဖော်ပြသည်။

ထို့စနစ်ပြီးမြောက်ပါက လူ ၅၀၀၀၀ကျော်ကို မိုဘိုင်းဖုန်း ဘေးအန္တရာယ်သတိပေးမှုစနစ်ပေးပို့နိုင်မည်ဟု ဆိုသည်။ ထိုသို့သတိပေးစနစ်ကို အမေရိကန်၊ နယ်သာလန်၊ သြစတြေးလျ စသည့်နိုင်ငံများတွင် အသုံးပြုနေသည်။

သို့သော်လည်း ပညာရှင်တစ်ဦးကမူ ယင်းစနစ်သည် ဟက်ကာ (ကွန်ပျူတာဖောက်ထွင်းဝိဇ္ဇာ)များ၏ ပစ်မှတ်ထား လက်တည့်စမ်းရာ ဖြစ်လာနိုင်သည်ဟု ပြောကြားသည်။ **(ဘီဘီစီ)**

စပိန်နိုင်ငံစီးပွားရေး ၂၀၁၄ ခုနှစ်၌ တိုးလာဖွယ်ရှိ

မက်ဒရစ် စက်တင်ဘာ ၁၇

စပိန်နိုင်ငံ၏ စီးပွားရေးသည် နှစ်အလိုက်တိုးလာရာ ၂၀၁၄ ခုနှစ်၌ ၀ ဒသမ ၇ ရာခိုင်နှုန်း တိုးလာဖွယ်ရှိကြောင်း စပိန်နိုင်ငံ ငွေစုဘဏ်များအသင်းမှ စက်တင်ဘာ ၁၆ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ သတင်းထုတ်ပြန်ချက်သည်အဓိကဌာနကြီး ၁၉ ခု၏ အချက်အလက်များကို ရယူကာ ကြိုတင်ခန့်မှန်းတွက်ချက်ထားခြင်း ဖြစ်သည်။ ပြည်တွင်းဝယ်လိုအားနှင့် ပြည်ပပို့ကုန်များ တိုးမြင့်မည့် အလားအလာကြောင့် ၂၀၁၄ ခုနှစ်ထဲ၌ စီးပွားရေး ၀ ဒသမ ၇ ရာခိုင်နှုန်းတိုးမြင့်မည်ဟု မျှော်မှန်းထားသလို ၂၀၁၃ ခုနှစ် တစ်နှစ်ပတ်လုံး နိုင်ငံ၏ ဂျီဒီပီမှာနှစ်အလိုက် ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းနိုင်ခြေရှိသည်ဟုလည်း ဆိုသည်။

သို့သော် စပိန်နိုင်ငံတွင် အလုပ်လက်မဲ့နှုန်းထား မြင့်မားနေဆဲဖြစ်သည်။ စပိန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၂၀၁၃ ခုနှစ်ထဲ၌ ၂၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၁၄ ခုနှစ်၌ ၂၅ ဒသမ ၉ ရာခိုင်နှုန်းလျော့ကျဖွယ်ရှိသည်။ အဘယ်ကြောင့် ဆိုသော် အလုပ်လုပ်နိုင်သော လူဦးရေအရေအတွက် လျော့ကျသွားနိုင်၍ဖြစ်သည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)သည် ပြီးခဲ့သည့် စက်တင်ဘာ ၁၆ ရက်က စပိန်နိုင်ငံ၏ ဘဏ်လုပ်ငန်းဖွဲ့စည်းပုံ ပြန်လည်ဖွဲ့စည်းရာတွင် ကြီးကြပ်ရန်ရောက်လာခဲ့သည်။

ဥရောပကော်မရှင်(EC) နှင့် ဥရောပဗဟိုဘဏ် (ECB) တို့သည်လည်း စပိန်နိုင်ငံ၏ ဘဏ်လုပ်ငန်းဖွဲ့စည်းပုံ ပြန်လည်ဖွဲ့စည်းထူထောင်ရေးနှင့် ဘဏ္ဍာရေးတည်ငြိမ်မှု စီစဉ်ညွှန်ကြားရေးတို့အတွက် ကြီးကြပ်စစ်ဆေးနိုင်ရန်လာမည့် သီတင်းပတ်တွင် ရောက်ရှိလာမည်လည်းဖြစ်သည်။

IMF,EC နှင့် ECB အဖွဲ့ဝင်များသည် EUမှ စပိန်နိုင်ငံဘဏ်လုပ်ငန်းပြန်လည်ထူထောင်ရေး ချေးငွေ ယူရိုဘီလီယံ ၁၀၀ ထုတ်ချေးပြီးနောက် စပိန်နိုင်ငံ ဘဏ္ဍာရေးတည်ငြိမ်မှု ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ကြီးကြပ်ရန် စတုတ္ထအကြိမ် တွေ့ဆုံကြခြင်းလည်းဖြစ်သည်။ **(ဆင်ဟွာ)**

ဖမ်းဆီးထားသော တားစာခံများ၏ ဗီဒီယိုထွက်ပေါ်လာ

ပါရီ စက်တင်ဘာ ၁၇

မြောက်အာဖရိက အယ်လ်ခိုင်ဒါလက်နက်ကိုင်အဖွဲ့က ထုတ်လွှင့်လိုက်သည့် ဖမ်းဆီးထားသော အနောက်နိုင်ငံသား ဓားစာခံခုနစ်ဦး၏ ဗီဒီယိုထွက်ပေါ်လာရာ ၎င်းဓားစာခံများ သက်ရှိထင်ရှား ရှိနေဖွယ်ရှိသေးကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၁၆ရက်က ဖော်ပြသည်။ ယင်းဗီဒီယိုဖိုင်ကို ANI သတင်းဌာနက ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့ထဲမှ ပြင်သစ်နိုင်ငံသားလေးဦးသည် နိုင်ဂျာတွင် လွန်ခဲ့သောသုံးနှစ်က ဖမ်းဆီးခံလိုက်ရသူများ ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် နယ်သာလန်နိုင်ငံသား၊ ဆွီဒင်နှင့်တောင်အာဖရိကနိုင်ငံသားတို့အပါအဝင် ဖမ်းဆီးခံထားရသော ဓားစာခံများ အားလုံး၏ ကျန်းမာရေးအခြေအနေကောင်းမွန်ဖွယ် ရှိကြောင်း ဗီဒီယိုအရ သိရသည်။ **(ဘီဘီစီ)**

ဗြိတိန်တွင် ဆရာမတစ်ဦး စာသင်ခန်း၌ ကလေးမွေး

လန်ဒန် စက်တင်ဘာ ၁၇

ဗြိတိန်နိုင်ငံ လန်ဒန်မြို့အရှေ့ပိုင်း ချီဝဲလ်အရပ်ရှိ ပုဂ္ဂလိကစာသင်ကျောင်းတစ်ကျောင်းတွင် ဆရာမတစ်ဦး စာသင်ခန်းအတွင်း မီးဖွား၍ ၎င်း၏ လုပ်ဖော်ကိုင်ဖက်များက ဝိုင်းဝန်းကူညီပေးခဲ့ရကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၁၆ ရက်က ဖော်ပြသည်။ ဒီယာနီကရစ် ဆိုသူ ကျောင်းဆရာမက မန်ဖော့ ပုဂ္ဂလိက စာသင်ကျောင်း စာသင်ခန်းထဲ၌ မွေးဖွားရက်ထက်တစ်ပတ်စော၍ ရေမြွှာပေါက်ပြီး ကလေးမွေးဖွားခြင်းဖြစ်သည်။ ဒီယာနီ၏ ခင်ပွန်းသည်ကို ၎င်းရေမြွှာပေါက်စဉ်လှမ်း၍ ကြိုတင်အကြောင်းကြားခဲ့ရာ စာသင်ခန်းအတွင်း ကလေးမွေးဖွားရာသို့အမီရောက်ရှိပြီး ၎င်းအနီးတွင်ပင် ရှိနေပေးခဲ့သည်က ကံကောင်းထောက်မခြင်းတစ်ရပ်ပါဟု ဒီယာနီကပြောကြားခဲ့သည်။ **(ဘီဘီစီ)**

သမ္မတမော်စီအား ထောက်ခံသူများ ကိုင်ရိုမြို့အတွင်း ဆန္ဒပြ သပိတ်စခန်းဖြိုခွဲခံရစဉ်။

မော်စီသစ္စာခံများလက်အောက်ရှိ မြို့ကို အီဂျစ်စစ်တပ်ဝင်ရောက်ထိုးစစ်ဆင်

ကိုင်ရို စက်တင်ဘာ ၁၇

အာဏာသိမ်းခံ သမ္မတမော်စီ၏ သစ္စာခံအစ္စလာမ္မစ်များ၏ လက်အောက်ကျရောက်နေသော ဒဲလ်ဂါမြို့ကို အီဂျစ်စစ်တပ်က ဝင်ရောက်ထိုးစစ်ဆင်ကြောင်း ဘီဘီစီသတင်းတွင် စက်တင်ဘာ ၁၆ ရက်က ဖော်ပြသည်။

ယင်းမြို့တွင်းသို့ ရဟတ်ယာဉ်တပ်ကူများဖြင့် အီဂျစ်စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၆ ရက်အစောပိုင်းတွင် စတင်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

သမ္မတမော်စီကို ဇူလိုင် ၃ ရက်က အာဏာသိမ်း ဖယ်ရှားခံလိုက်ရပြီးနောက်ပိုင်း အစ္စလာမ္မစ်များကို အီဂျစ်အာဏာပိုင်များက နှိမ်နင်းခဲ့သည်။

မော်စီကို ထောက်ခံသူများ၏ ကိုင်ရိုမြို့အတွင်း ဆန္ဒပြသပိတ်စခန်းများကို အစိုးရတပ်က ဖြိုခွင်းနေရပြီး သေဆုံးသူ ရာနှင့်ချီရှိပြီဖြစ်သည်။ **(ဘီဘီစီ)**

ဂျပန် - ဗီယက်နမ် စီးပွားရေးအလားအလာ

မောင်မဟာ

ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ ဗီယက်နမ်နိုင်ငံမှာ တဖြည်းဖြည်း တိုးတက်မြင့်မားလာတာမို့ အာဆီယံနိုင်ငံတွေမှာတော့ ဂျပန်ရဲ့ရင်းနှီးမြှုပ်နှံမှုက ဒုတိယအများဆုံးအဖြစ် ရောက်ရှိလာပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံတွေထဲမှာ ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုအများဆုံး နိုင်ငံကတော့ ထိုင်းနိုင်ငံဖြစ်ပြီး ဗီယက်နမ်ကတော့ ဒုတိယနေရာမှာရှိနေပြီ ဖြစ်ပါတယ်။ ဗီယက်နမ်ဟာ ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ရရှိအောင်လည်း ဆွဲဆောင်နိုင်ခဲ့ပြီး ဂျပန်စီးပွားရေးလုပ်ငန်းတွေ လာရောက်လုပ်ကိုင်နိုင်အောင်လည်း မက်လုံးတွေပေးနိုင်ခဲ့ပါတယ်။

အခုဆိုရင် ဂျပန်နိုင်ငံမှ စက်မှုလုပ်ငန်း၊ အီလက်ထရွန်နစ်လုပ်ငန်းနဲ့ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတွေဟာ ဗီယက်နမ်နိုင်ငံအတွင်းမှာ ငွေကြေး အလုံးအရင်းနဲ့ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ပြီး လုပ်ငန်းတွေ ဝင်ရောက် လုပ်ကိုင်နေကြပြီဖြစ်ပါတယ်။

ဂျပန်နိုင်ငံ ပြည်ပကုန်သွယ်ရေးအဖွဲ့အကြီးအကဲတစ်ဦးဖြစ်တဲ့ ဟီရိုတာကာယာဆူဇူမီကတော့ ဗီယက်နမ်ရဲ့စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဖို့အတွက် စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်တွေရှိသလို ရင်းနှီးမြှုပ်နှံဖို့အတွက် အလားအလာကောင်းတဲ့ လုပ်ငန်းတွေရှိနေပါတယ်

လို့ ထုတ်ဖော်ပြောကြားနေပါတယ်။

ဗီယက်နမ်နိုင်ငံမှာတော့ ဂျပန်တို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ထိပ်ဆုံးက ရပ်တည်နေပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေဟာ အနာဂတ်ကာလမှာလည်းဆက်လက်ရှင်သန်နေမှာဖြစ်တယ်လို့ ဗီယက်နမ်အာဏာပိုင်တွေက ယုံကြည်မှုရှိနေပါတယ်။

ဗီယက်နမ်နဲ့ဂျပန်နိုင်ငံက မဟာဗျူဟာကျတဲ့စီးပွားရေး မိတ်ဖက်နိုင်ငံတွေအဖြစ် သဘောတူမှုရရှိထားပြီး နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမယ့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွေ အကောင်အထည်ဖော် လုပ်ဆောင်ကာ ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖော်ဆောင်သွားဖို့လည်း ရှိနေပါတယ်။

ဗီယက်နမ်နိုင်ငံဟာ စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုစနစ်တွေ ပြောင်းလဲခဲ့သလို အခြေခံအဆောက်အအုံ စီမံကိန်းတွေမှာလည်း ပြုပြင်မှုတွေပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် ငွေကြေးစနစ်နဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေ ပိုမိုရရှိအောင် ဥပဒေ၊စည်းမျဉ်းနဲ့ ကန့်သတ်ချက်အချို့ကိုလည်း ပြင်ဆင်ပေးခဲ့တယ်လို့ ဟီရိုတာကာယာဆူဇူမီက ပြောကြားပါတယ်။

၂၀၁၃ ခုနှစ်ဩဂုတ်လအထိ ဗီယက်နမ်နိုင်ငံရဲ့ စီမံကိန်း ၂၀၂၉ ခုမှာ ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားတာမို့ ဆက်လက်ပြီး ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ဖို့ အစီအစဉ်တွေရှိနေကြောင်း ဗီယက်နမ်နိုင်ငံ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ပြောကြားပါတယ်။

နိုင်ငံတကာသတင်း

ဝါရှင်တန်သေနတ်သမား ရေတပ်တပ်သားဖြစ်နေ

ဝါရှင်တန်ဒီစီရေတပ်စခန်း၌ လူ ၁၂ ဦးကို ပစ်ခတ်သတ်ဖြတ်ပြီး သေဆုံးသွားသူမှာ ရေတပ်တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း အတည်ပြုသည်။ အသက် ၃၄ နှစ်ရှိ အာရွန်အဲလက်ဇ်စ်သည် တက္ကဆက်ပြည်နယ် ဖောင့်ဝပ်မှဖြစ်ပြီး ၎င်းသည် ဝါရှင်တန်ရေတပ်စခန်း၌ ရဲနှင့်တိုက်ပွဲဖြစ်ပြီး သေဆုံးခဲ့သည်။ ယင်းတိုက်ပွဲသည် စက်တင်ဘာ ၁၆ ရက် နံနက် ဒေသစံတော်ချိန် ၈ နာရီ မိနစ် ၂၀ က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ပွဲဖြစ်ပွားစဉ် အခြားရှစ်ဦးလည်း ဒဏ်ရာရရှိသွားသည်။ ယင်းဖြစ်စဉ်အတွက် ဝမ်းနည်းကြောင်း အထိမ်းအမှတ်အဖြစ် သမ္မတအိုဘားမားက အိမ်ဖြူတော်နှင့် ကက်ပိတော်ဟေးလ်၌ အလံ တစ်ဝက်လျှော့ချရန် အမိန့်ထုတ်ခဲ့သည်။

ဖိလစ်ပိုင်သူပုန် အရပ်သားများပြန်လွှတ်

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဇမ်ဘွမ်ဂါမြို့ကို စစ်တပ်က ပြန်သိမ်းနိုင်သကဲ့သို့ မွတ်စလင်သူပုန်အဖွဲ့ကလည်း အရပ်သားများကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောသည်။ သူပုန်အဖွဲ့က ယင်းဒေသကို ၇၀ ရာခိုင်နှုန်းသိမ်းထားသော ဒေသများကို စစ်တပ်ကပြန်သိမ်းလိုက်သည်။ မော်ရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦးမှ တိုက်ခိုက်ရေးသမားများ စက်တင်ဘာ ၉ ရက်ကယင်းဒေသကို ရောက်လာပြီး ကမ်းရိုးတန်းကျေးရွာများကို သိမ်းပိုက်ထားသည်။ အစိုးရတပ်များနှင့်သူပုန်အဖွဲ့က အရပ်သားများကို လူသားတံတိုင်းအဖြစ်အသုံးချပြီး တိုက်ပွဲဖြစ်ပွားခဲ့သည်။

ဆီးရီးယားအရေး ပြင်သစ်က ရုရှားကို ဖိအားပေး

ဆီးရီးယားဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို ထောက်ခံရန် မော်စကိုမြို့သို့ရောက်ရှိနေသော ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖတ်ဘီရပ်စ်က ရုရှားကို ဖိအားပေးလိုက်သည်။ ပြီးခဲ့သည့် လကဒမတ်စကတ် ဆင်ခြေဖုံးတွင် အရပ်သားများကို ဆာရင်း ဓာတုအဆိပ်ငွေ့များဖြင့် တိုက်ခိုက်ခဲ့ကြောင်း ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးများက စက်တင်ဘာ၁၆ရက်ကပြောသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်း ကလည်း ယင်းလုပ်ရပ်သည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ ပြင်သစ်က ကုလသမဂ္ဂဆုံးဖြတ်ချက်ကို ထောက်ခံရန်ကြိုးစားနေသည်။

မြင့်မောင်စိုး-စုစည်းသည်

လူလိုက်ပါမည့် ရေအောက်သွား ရေယာဉ်သစ် တရုတ်ပညာရှင်များတည်ဆောက်

ပင်လယ်သမုဒ္ဒရာ ကြမ်းပြင်တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေအောက်မီတာ ၄၅၀၀အနက်၌ မောင်းနှင်သွားလာနိုင်သည့် လူလိုက်ပါနိုင်သည့် ရေအောက်သွားရေယာဉ်သစ်တစ်စင်းကို တရုတ်သိပ္ပံပညာရှင်များက တည်ဆောက်ရန်စီမံကိန်း စတင်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ရေအောက်သွားရေယာဉ်နည်းပညာစီမံကိန်းနှင့် ဟူကျန် သင်္ဘောတည်ဆောက်ရေး စက်မှုလုပ်ငန်းကော်ပိုရေးရှင်းတို့က ယင်းရေယာဉ်သစ်ကို ပူးပေါင်းထုတ်လုပ်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ရေအောက်အနက်မီတာ ၇၀၆၂ ၌ မောင်းနှင်နိုင်သော ရေယာဉ်တစ်စင်းကို တည်ဆောက်ကာ အောင်မြင်စွာစမ်းသပ်မောင်းနှင်နိုင်ခဲ့သည်။ ထိုသို့အောင်မြင်စွာစမ်းသပ်မောင်းနှင်နိုင်ခဲ့သဖြင့် ရေနက်သွား ရေယာဉ်တည်ဆောက်ရေးနယ်ပယ်၌ အောင်မြင်မှုရရှိခဲ့သည်။ တရုတ်နိုင်ငံသည်ပင်လယ်ကြမ်းပြင် သုတေသနလုပ်ငန်းအတွက် ဒုတိယမြောက်ရေနက်သွား ရေယာဉ်တည်ဆောက်ရေး တိုးတက်ဖွံ့ဖြိုးမှုတွင် အောင်မြင်မှုများရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဆိုသည်။ ယခုအခါ နည်းပညာပိုင်းဆိုင်ရာများ ဖြည့်ဆည်းလျက်ရှိပြီးယခုတည်ဆောက်မည့် ရေနက်သွားရေယာဉ်တွင် လူသုံးဦးလိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။

အာကာဟိန်း-ရေးသည်

အရက်စွဲခြင်းကြောင့် စိတ်ကျရောဂါလက်တစ်ကမ်းမှာရှိနေ

အရက်သောက်ခြင်းကြောင့် စိတ်ကျရောဂါ ဖြစ်စေနိုင်သည်ဆိုခြင်းနှင့် အရက်သေစာပြယ်အာနိသင်သည် စိတ်ကျရောဂါကို တားဆီးပေးနိုင်သည်ဆိုခြင်းရှိ မရှိကို ဩစတြေးလျအနောက်ပိုင်း တက္ကသိုလ်မှ အာရုံကြော သိပ္ပံပညာရှင်များက သုတေသနပြုသော်လည်း ကျိန်းသေမ ပြော။ သို့သော် အရက်အလွန်အကျွံသောက်ခြင်းနှင့် အရက်စွဲခြင်းက စိတ်ကျရောဂါကို မြင့်မားစေနိုင်သည်ကိုမူ သုတေသနပြုနိုင်၍ ဖော်ပြခဲ့သည်။ ၎င်းတို့ဖော်ပြချက်အရ စိတ်ကျရောဂါနှင့် အရက်အလွန်အကျွံသောက်ခြင်း၊ အရက်စွဲခြင်းတို့က ကျိုးကြောင်းဆက်နွယ်ကြောင်း ဖော်ပြသည်။ သို့သော်၎င်းတို့က "ဖြစ်စဉ်ဖြစ် ရပ်တွေကို အခြေတည်ပြီးတော့ သုတေသနပြုပြီး ကိုးကားဖော်ပြရတာမို့ ကျိန်းသေပြောနိုင်တဲ့အရာတော့ မဟုတ်ပါဘူး။ဒါပေမယ့်အရက်သောက်ခြင်းနှင့်စိတ်ကျရောဂါကြား အဆက်အစပ်ကိုတော့ စူးစမ်းလေ့လာမှုတွေက ဝေခွဲရန်ခက်ပါတယ်"ဟုဆိုသည်။

ဥပမာအားဖြင့် အရက်အများကြီးသောက်တဲ့အတွက် ဆေးလိပ်အများကြီး သောက်မိနိုင်ကြောင်း၊ အစာ ခြေအင်္ဂါကို အားပျော့စေကြောင်း၊ ယင်းနောက်ပိုင်း အခြားသော ကျန်းမာရေးပြဿနာ ဝင်ရောက်စေနိုင်ကြောင်း ပညာရှင်များက ဆိုသည်။ထိုသို့ပြဿနာများ ကြုံပြီးနောက်ပိုင်း စိတ်ကျရောဂါဖြစ်ဖို့ အခြေအနေများက အလွန်နီးစပ်နေသည်။ ဩစတြေးလျပညာရှင်များ၏ သုတေသနပြုချက်မှ အရက်သေစာသည် စိတ်ရွှင်လန်းစေသည်ဆိုခြင်းနှင့် သို့မဟုတ်ပါက စိတ်ကျရောဂါဖြစ်ခြင်းများ၊ စိတ်အားတက်ကြွစေသည်ဆိုခြင်းများဖြစ်နိုင် မဖြစ်နိုင်၊ ရှိမရှိ လေ့လာခြင်းဖြစ်သည်။

သုတေသနအရ တစ်ထစ်ချ ကောက်ချက် မချနိုင်သော်လည်း အရက်သောက်များလွန်းက သို့မဟုတ် အရက်စွဲနေသူများဖြစ်က စိတ်ကျရောဂါဝေဒနာများအန္တရာယ် လက်တစ်ကမ်းမှာရှိနေသည်ဟု သိရသည်။

နေခြည်



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန လက်အောက်ရှိ အောက်ပါစက်ရုံများအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ငှားရမ်းမှုအိတ်ဖွင့်တင်ဒါ စျေးနှုန်းပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြောင်းမြဂုန်နီစက်ရုံ

(ခ) မအူပင်စက္ကူစက်ရုံ

(ဂ) တောင်ငူလျှော်ရွေးလျှော်ထုပ်စက်ရုံ

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ၁၈-၉-၂၀၁၃ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၃-၁၀-၂၀၁၃ရက် ၁၃း၀၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ် အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဆက်သွယ်ရန်
ဖုန်း-၀၆၇-၄၃၁၁၂၂၊ ၀၆၇-၄၃၁၃၁၄

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

E-Learning Management, Information and Communication Technology နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

မြန်မာနိုင်ငံတော်ကြီးအား ကမ္ဘာ့အဆင့်မီ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍပေါင်းစုံမှ စဉ်ဆက်မပြတ် မြှင့်တင်ပေးလျက်ရှိရာ ပညာရေးနယ်ပယ်သည် အရေးတကြီးနှင့် အလျင်မြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်ပေသည်။ မည်သည့်နည်းဖြင့် ကမ္ဘာနှင့်ရင်ပေါင်တန်းစေရန် အမြန်ဆုံးဆောင်ရွက်နိုင်ပါမည်နည်း။ ICT (Information and Communication Technology) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို ထိရောက်စွာအသုံးချ၍ E-Learning Management တို့ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်ပါသည်။ ICT အသုံးပြုခြင်းသည် နည်းပညာ၊ အတတ်ပညာဖလှယ်မှု၊ အချက်အလက်ပေးပို့မှုစသည့်ကိစ္စရပ်များတွင် မြန်ဆန်၊ တိကျမှုကိုပေးသဖြင့် နိုင်ငံတော်သမ္မတကြီးမှလည်း ဝန်ကြီးဌာနအားလုံးအား e-government ကို အကောင်အထည်ဖော်ရန် အစိုးရအဖွဲ့အစည်းအဝေးများတွင် လမ်းညွှန်တိုက်တွန်းနှိုးဆော်မှုပြုခဲ့ပြီး ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအများစုတွင်လည်း ပညာရေးဆောင်ရွက်မှုများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကိုသုံး၍ ပညာရေးနယ်ပယ်ဖွံ့ဖြိုးရန် ဆောင်ရွက်နေကြပြီဖြစ်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့်လည်း အခြားနိုင်ငံများနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုများတွင် (ICT) သုံး၍ ဆောင်ရွက်သွားလျှင် ပိုမိုလျင်မြန်လွယ်ကူမည်ကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ e-government လုပ်ငန်းများ ဆောင်ရွက်မှုအတွေ့အကြုံများအရလည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၏ ၂၀၁၁ခုနှစ် ဇွန်လ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့ထိ ကျင်းပခဲ့သည့် Seminar on Accelerating e-government in Myanmar, To Promote Good Governance and Clean Government မှ ရရှိခဲ့သည့် အသိပညာများကြောင့်လည်းကောင်း သိရှိခဲ့ပြီးဖြစ်သဖြင့် (ICT) သုံး၍ ပညာရေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (ICT) အသုံးချပညာရေးမြှင့်တင်မှု ပထမခြေလှမ်းအဖြစ် အီလက်ထရွန်နစ်သင်ယူမှုနှင့် သင်ကြားရေးစီမံခန့်ခွဲမှုအား ဆွီဒင်နိုင်ငံ ကမ္ဘာ့ရေကြောင်းတက္ကသိုလ် (WMU-World Maritime University)နှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ရေကြောင်းတက္ကသိုလ် (WMU) သည် ကမ္ဘာ့ကုလသမဂ္ဂ၏ ရေကြောင်းဘက်ဆိုင်ရာ အထူးအဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်(IMO-International Maritime Organization) ၏ ကြီးကြပ်မှုဖြင့် ၁၉၈၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် အသင်းဝင်နိုင်ငံများအချင်းချင်း ပညာရေးနှင့်သုတေသနဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် (IMO) ၏ရည်မှန်းချက်ဖြစ်သည့် ပင်လယ်ပြင်သန့်ရှင်းရေးနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍလုံခြုံစိတ်ချရေး၊ ပင်လယ်ပြင်ညစ်ညမ်းမှုကာကွယ်ရေးတို့တွင် ဆောင်ရွက်နိုင်မှု စွမ်းရည်တိုးတက်မြင့်မားအောင် တည်ဆောက်ရန်ဖြစ်ပါသည်။

ကပ္ပတိန် ကျော်ဇေယျ(ရေကြောင်းပညာတက္ကသိုလ်)

ကမ္ဘာ့ရေကြောင်းတက္ကသိုလ်သည် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၃ နိုင်ငံမှ ရေကြောင်းပညာဆိုင်ရာ မဟာဘွဲ့ရ ၃၃၀၀ ကျော်မွေးထုတ်ခဲ့ပြီးဖြစ်သည်။ ယနေ့ ကမ္ဘာ့ရေကြောင်းတက္ကသိုလ်သည် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်နှင့်လုပ်ဆောင်ချက်များအား အထူးကိစ္စရပ်အနေဖြင့် နားလည်သဘောပေါက်နိုင်စွမ်းရှိသော ရေကြောင်းပညာမဟာဘွဲ့ရကျောင်းသားများကို မွေးထုတ်ပေးနေခြင်း၊ ကမ္ဘာအရပ်ရပ်ရှိရေကြောင်းဘက်ဆိုင်ရာပညာရှင်ပေါင်း ၁၀၀ ကျော်မှ လာရောက်၍ အဆင့်မြင့်နည်းပညာများ သင်ကြားပို့ချ၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်း၊ ရေကြောင်းဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အသုံးပြုလျက်ရှိသော နောက်ဆုံးပေါ်အဆင့်မြင့်နည်းပညာများအား တိုက်ရိုက်လေ့လာသင်ယူနိုင်ခြင်း၊ နိုင်ငံအသီးသီးမှ ရေကြောင်းတက္ကသိုလ်များနှင့်ချိတ်ဆက်လျက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ရေကြောင်းဘက်ဆိုင်ရာ ပညာရေးအဖွဲ့အစည်းများ၊ ကျွမ်းကျင်မှုပညာရှင်များ၏ ဆက်သွယ်ရေးကွန်ရက် ဗဟိုဌာနဖြစ်ခြင်းတို့ကြောင့် ရေကြောင်းပညာရေးဆိုင်ရာမြှင့်တင်ရေးအား ထိရောက်သောနည်းလမ်းများဖြင့် အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်သည့်တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ပေသည်။

ရေကြောင်းကဏ္ဍတွင်သာမက အခြားပညာရေးနယ်ပယ်များတွင်လည်း ICT အခြေပြုပညာရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာ့ပညာရေးသည် ကမ္ဘာ့ပညာရေးနှင့် အချိန်တိုအတွင်း ရင်ပေါင်တန်းနိုင်မည် ဖြစ်ပေသည်။

အီလက်ထရွန်နစ်သင်ယူမှုဆိုင်ရာ နည်းပညာ၏ ရှေ့ပြေးသုတေသနဆောင်ရွက်ချက်အဖြစ် ဆွီဒင်နိုင်ငံ ကမ္ဘာ့ရေကြောင်းတက္ကသိုလ် (WMU)၊ ဒိန်းမတ်နိုင်ငံ သတင်းအချက်အလက်နည်းပညာတက္ကသိုလ် (ITU)၊ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ ပို့ဆောင်ရေးတက္ကသိုလ် (UT-HCMC)နှင့် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် (MMU)တို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ် ဇွန်လတွင် လက်တွေ့စမ်းသပ်ချက်လုပ်ဆောင်ခဲ့ပါသည်။ ၎င်းလက်တွေ့စမ်းသပ်ချက်အပေါ်တွင် ကမ္ဘာ့ရေကြောင်းတက္ကသိုလ် ကျွမ်းကျင်ပညာရှင်အဖွဲ့မှ ဩဂုတ်လ ပထမပတ်တွင် ဗီယက်နမ်နိုင်ငံ၌လည်းကောင်း၊ ဒုတိယပတ်တွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၌လည်းကောင်း လာရောက် ဆန်းစစ်အကဲဖြတ်ခဲ့ပါသည်။ လက်တွေ့လေ့လာဆန်းစစ်ချက်များမှ အောင်မြင်မှုရလဒ်များကြောင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် ၎င်းကမ္ဘာ့ရေကြောင်းတက္ကသိုလ်နှင့်ပညာရေးပူးပေါင်းဆောင်ရွက်ရန်အတွက် ၁၄-၉-၂၀၁၃ တွင် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြသည်။ ၎င်းပညာရေးပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကမ္ဘာ့ရေကြောင်းတက္ကသိုလ်ရှိ ဆရာ ဆရာမများ၊ ရေကြောင်းပညာရှင်များ၏ သင်ကြားပို့ချမှုအား Maritime Education and Training (MET) Classroom များဖန်တီး၍ တိုက်ရိုက်လေ့လာသင်ယူနိုင်ခြင်း၊ ဝင်ရောက်ဆွေးနွေးမေးမြန်းနိုင်ခြင်းအပြင် အခြားနိုင်ငံများမှ ရေကြောင်းတက္ကသိုလ်ကျောင်းသားများနှင့်ပါ အသိပညာဖလှယ်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် ရေကြောင်းဘက်ဆိုင်ရာ ခေတ်မီပညာရပ်များအား ကမ္ဘာနှင့်ရင်ပေါင်တန်း၍ အချိန်နှင့်တစ်ပြေးညီ လေ့လာသင်ယူနိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်၍ လိုအပ်သောအချိန်တွင် ထိရောက်သော ပညာရေးအားဖြည့်ဆည်းရန်လိုအပ်သည့်သူများမှ တိုက်ရိုက်လေ့လာသင်ယူနိုင်တော့မည့်အခွင့်အရေးအား ရရှိတော့မည်ဖြစ်သည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သည် ကမ္ဘာ့ရေကြောင်းလောကအား လွှမ်းမိုးနိုင်မည့် မြန်မာ့ရေကြောင်းအတတ်ပညာရှင်များ မွေးထုတ်ခြင်းကဏ္ဍကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပေသည်။ ထို့ပြင် ရေကြောင်းကဏ္ဍတွင်သာမက အခြားပညာရေးနယ်ပယ်များတွင်လည်း ICT အခြေပြုပညာရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာ့ပညာရေးသည် ကမ္ဘာ့ပညာရေးနှင့် အချိန်တိုအတွင်း ရင်ပေါင်တန်းနိုင်မည် ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ အခြေခံအုတ်မြစ်သည် လူငယ်များ၏ ပညာရေးဖြစ်သည်ဟူသော ဆိုရိုးနှင့်အညီ ခိုင်မာသောအုတ်မြစ်ဖြင့် မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ခိုင်မာသောအုတ်မြစ်ဖြင့် မြင့်နိုင်သမျှ မြင့်မားသော မြန်မာပြည်သစ်ကို တည်ဆောက်ကြပါစို့၊ ပညာမြင့်၍ လူမျိုးတင့်အောင် ICT စွမ်းအားဖြင့် မြှင့်တင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

ထိုင်း-မြန်မာ ဖက်စပ်ကုမ္ပဏီရုံးခန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၇

Toyo Thai-Myanmar Corporation Co., Ltd. (TTMC)နှင့် Toyo Thai Power Myanmar Co., Ltd. (TTPMC) ရုံးဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၈ နာရီခွဲက ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် ဆူးလေဘုရားလမ်းထောင့် Centre Point Towerရှိ အဆိုပါ ရုံးခန်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ထိုင်းနိုင်ငံ Toyo Thai Corporation သည် လွန်ခဲ့သောနှစ်များစွာကတည်းကပင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စိတ်ဝင်တစားရှိခဲ့သည်ကို သိရှိရကြောင်း၊ မိမိတို့နိုင်ငံသို့ စီးပွားရေးလုပ်ငန်းများ ဖြန့်ကြက်ဆောင်ရွက်ခြင်းကို အချိန်မှန်၊ နေရာမှန် ဆောင်ရွက်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာ၌ ပထမဦးစားပေးအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ မရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လိုအပ်ကြောင်း၊ ဒုတိယဦးစားပေးအနေဖြင့် မိမိတို့ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း ပေါ်များစွာ ဖန်တီးပေးခြင်းနှင့် တတိယဦးစားပေးအနေဖြင့် နည်းပညာများ လွှဲပြောင်းပေးခြင်းတို့ လိုအပ်မည်ဖြစ်ပါကြောင်း၊ Toyo Thai Corporation၏ ရင်းနှီးမြှုပ်နှံမှုသည် ယင်းအချက်များနှင့်ကိုက်ညီသဖြင့် လှိုက်လှဲစွာကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် Toyo Thai Group မှ President & CEO Mr. Hironobu Iriya က ရုံးခန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ Toyo Thai Group မှ President & CEO Mr. Hironobu Iriya တို့က ရုံးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးခန်းကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခမဲ့ပညာရေးသင်ကြားမှုများကြောင့် ကျောင်းသားများအတွက် အားထားစရာများဖြစ်လာ

မကွေး စက်တင်ဘာ ၁၇

နိုင်ငံတော်က ပညာရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ လူမှုအဖွဲ့အစည်းများကလည်း ကျောင်းသား ကျောင်းသူများ၏ ပညာရေးကို ထောက်ပံ့ပေးမှုများ များပြားလာသည်။ မကွေးတိုင်းဒေသကြီး မကွေးမြို့ ဆားစည့်ရပ်ကွက် အထက်တန်းကျောင်းခွဲ ဆားစည့်ကျောင်းတွင် တွဲဖက်ဖွင့်လှစ်ထားသော လူမှုဝန်ထမ်းတတိယအဆင့် ဆားစည်ပညာဒါ(ပရဟိတ) ကျောင်းကို ဖွင့်လှစ်ထားရှိသည်။

အဆိုပါ ဆားစည့်ပညာဒါန (ပရဟိတ)ကျောင်းကို ၂၀၀၉ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၊ မကွေးမြို့ပေါ်မှ အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ ပညာဒါနဖွင့်လှစ်သင်ကြားပေးသည်။ ဆားစည့်ပညာဒါန(ပရဟိတ) ကျောင်းကို ဆားစည့်ကျောင်းဆရာတော် ဦးပဏ္ဍိတက တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများကို သင်ကြားပေးလျက်ရှိပြီး သင်ကြားရာတွင် ဆေးတက္ကသိုလ်မှ ကျောင်းသားများ၊ နည်းပညာတက္ကသိုလ်မှ ကျောင်းသားများ၊ ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများနှင့် ဆားစည့်ကျောင်းမှ ဘွဲ့ရဆရာတော်များ၊ ပြင်ပမှ ဆရာများ စုစုပေါင်း ၃၅ ဦးတို့က အခမဲ့သင်ကြားပေးလျက်ရှိသည်။

ဆားစည့်ပညာဒါန (ပရဟိတ) ကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းမှာ ၅၄ ရာခိုင်နှုန်းဖြစ်ပြီး ယခုနှစ် တက်ရောက်သင်ကြားနေသော နဝမတန်းကျောင်းသားပေါင်း ၉၁ ဦးနှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၀ ရှိသည်။

ထို့အပြင် မိဘမဲ့ကလေး ၅၃ဦးကိုလည်း ဆားစည့်ကျောင်းဆရာတော် ဦးပဏ္ဍိတက ပညာသင်ထောက်ပံ့ ကျွေးမွေးထားလျက်ရှိသည်။ ၎င်းမိဘမဲ့ကလေးများကို စာရေးကိရိယာ၊ အဝတ်အထည်နှင့် အခြားပစ္စည်းများ ထောက်ပံ့လိုပါက မကွေးမြို့ လမ်းမတော်အလယ်ရပ်ရှိ ဆားစည့်ကျောင်း ဆရာတော် ဦးပဏ္ဍိတထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**

ရွှေတောင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းသဖြင့် ရပ်ကွက်များသို့ ရေဝင်

နေပြည်တော် စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စက်တင်ဘာ ၁၄ ရက်မှ ၁၅ ရက် နံနက် ၆ နာရီအထိ ဧရာဝတီမြစ်ရေတက်လျက်ရှိရာ ကြာနီကန်ရပ်ကွက်နှင့် ယွန်းတန်းရပ်ကွက်အတွင်းသို့ နှစ်ပေမှ သုံးပေခန့်အထိ ရေများဝင်ရောက်ခဲ့သည်။ထိုသို့ရေဝင်ရောက်သဖြင့် ကြာနီကန်ရပ်ကွက်မှ အိမ်ခြေ ၅၇ လုံး၊ ယွန်းတန်းရပ်ကွက်မှ အိမ်ခြေ ၆၇ လုံးတို့ကို ယွန်းတန်းရပ်ကွက် ရွှေမျက်မှန်ဘုန်းကြီးကျောင်းအတွင်းသို့ ယာယီပြောင်းရွှေ့ပေးခဲ့ပြီး အိမ်ထောင်စု ၁၂၆ စု လူဦးရေ အမျိုးသား ၂၇၄ ဦး၊ အမျိုးသမီး ၂၈၄ ဦး စုစုပေါင်း ၅၅၈ ဦးတို့ကို ရွှေတောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့်လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

သံဝေဇနီယနှစ်ဌာန၌ ရတနာအုတ်မြစ်တော်များ စီသွင်းလှူဒါန်းမည် (၂)

(ယမန်နေ့မှအဆက်)

ခေတနာမောင်

မြတ်စွာဘုရား ဓမ္မစကြာတရားဟောတော်မူခြင်း

အလွန်ထူးခြား အံ့သြဖွယ်အကြောင်းမှာ ဓမ္မစကြာတရားဦး ဟောရာဌာန ဖြစ်သော မိဂဒါဝုန်သည် ဘုရားရှင်အဆက်ဆက်တို့ မစွန့်ပယ်သည့် အဝိဇဟိတ လေးဌာနတွင် ပါဝင်ခြင်းပင် ဖြစ်သည်။ အဝိဇဟိတလေးဌာနမှာ သဗ္ဗညုတဉာဏ်တော်ရရှိရာ ဗုဒ္ဓဂယာ၊ ဓမ္မစကြာတရားဦးဟောရာဌာနဖြစ်သော မိဂဒါဝုန်၊ ဘုရားရှင်လျောင်းစက်ရာဌာန ဂန္ဓကုဋီရှိသော ဇေတဝန်ကျောင်းနှင့် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်ရာဌာနဖြစ်သော သင်္ကဿနဂိုရ်ပြည်တို့ ဖြစ်သည်။

ထိုမျှမက မိဂဒါဝုန်သည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီး တရားမြတ်အား ကမ္ဘာလောကသို့ ပထမဦးဆုံးအသိပေးခဲ့သောနေရာ ဖြစ်သည်။ တစ်နည်းဆိုရလျှင် မိဂဒါဝုန်သည် တရားတော်ဖြန့်ချိရာ ဗဟိုဌာနကြီး ဖြစ်သည်။ မြတ်စွာဘုရား၏ ဓမ္မစကြာတရားဦးဟောကြားမှုသည် ဘုရားရတနာပေါ်ထွန်းပြီးနောက် တရားရတနာနှင့် သံဃာရတနာတို့ကိုပါ ပေါ်ထွန်းစေခဲ့သည့်အတွက် လောက၌ ရတနာသုံးပါးအဖြစ် တည်ရှိကာ တုနှိုင်းမဲ့အလွန်ပြီးပြည့်စုံပြီး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်ဝလျှံခဲ့ရသည်။ တရားဦးဟောကြားသည့် ထိုနေ့တွင်ပင် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာ တစ်ဆယ့်ရှစ်ကုဋေလည်း အကျွတ်တရားရခဲ့ကြသည်။

မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည့်နောက် သတ္တသတ္တာဟ စံတော်မူရာ လင်းလွန်းပင်ရင်းမှ ခုနစ်ရက်လွန်သဖြင့် ဆိတ်ကျောင်းညောင်ပင်သို့ ချဉ်းကပ်၍ နေတော်မူသည်။ မြတ်စွာဘုရားသည် တစ်ပါးတည်း ကိန်းအောင်းနေတော်မူစဉ် "ငါသိအပ်ပြီးသော ဤတရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ ပညာရှိတို့သာ သိနိုင်၏၊ ဤသတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့လျော်ကုန်၏၊ ငါသည် တရားကို ဟောငြားအံ့၊ သူတစ်ပါးတို့သည် ငါ၏တရားကို မသိနားမလည်နိုင် ကုန်ငြားအံ့၊ သို့ဖြစ်လျှင် တရားဟောခြင်းသည် ငါ့အားပင်ပန်းရုံသာ ဖြစ်ရာ၏"ဟု စိတ်အကြံဖြစ်တော်မူသည်။

သဟမ္ပတိဗြဟ္မာသည် မြတ်စွာဘုရား၏ စိတ်အကြံကိုသိသဖြင့် "သတ္တဝါအပေါင်းကို ကြည့်ရှုတော်မူပါလော့၊ မြတ်စွာဘုရား တရားဟောတော်မူပါလော့၊ တရားကိုသိသူတို့သည် ရှိပါကုန်လတ္တံ့"ဟု သုံးကြိမ်တိုင် တောင်းပန်လျှောက်ထားခဲ့ရာ မြတ်စွာဘုရားက တရားဟောမည်ဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။

ထို့နောက် မြတ်စွာဘုရားသည် "ငါသည် အဘယ်သူ့ကို ရှေးဦးစွာ တရားဟောရအံ့နည်း၊ အဘယ်သူသည် ဤတရားကို လျင်မြန်စွာ သိနိုင်လတ္တံ့နည်း"ဟု အကြံဖြစ်တော်မူသည်။ ကာလာမအနွယ်ဖြစ်သော အာဠာရရသေ့ကို ရှေးဦးစွာဟောရမူကား ကောင်းလေစွဟု အကြံဖြစ်တော်မူရာ သေပြီးခုနစ်ရက် ရှိပြီဖြစ်ကြောင်း ကိုယ်ထင်ရှားမပြသောနတ်၏ လျှောက်ထားချက်အရ သိရသည့်အတွက် သနားခြင်းဖြစ်တော်မူသည်။ ယင်းနောက် ရာမ၏သားဖြစ်သော ဥဒကရသေ့ကို ရှေးဦးစွာဟောရမူကား ကောင်းလေစွာဟု အကြံဖြစ်တော်မူ ပြန်သည်။ ရှေ့နည်းတူ ယမန်နေ့က သေဆုံးခဲ့ပြီဖြစ်ကြောင်း ကိုယ်ထင်ရှား မပြသောနတ်၏ လျှောက်ထားချက်အရ သိရသဖြင့် သနားခြင်းဖြစ်တော်မူသည်။

မြတ်စွာဘုရားသည် "ငါးယောက်အစုရှိသော ပဉ္စဝဂ္ဂီရဟန်းတို့သည် ငါ့အား ကျေးဇူးများကုန်၏၊ ယင်းပဉ္စဝဂ္ဂီရဟန်းတို့သည် ပဓာနအလုပ်ကို အားထုတ်နေသော ငါ့အား လုပ်ကျွေးဖူးကုန်၏၊ ငါသည်ပဉ္စဝဂ္ဂီရဟန်းတို့အား တရားကို ရှေးဦးစွာဟောရမူကောင်းလေစွ"ဟု အကြံဖြစ်တော်မူပြီး "ယခုအခါ ပဉ္စဝဂ္ဂီရဟန်းတို့သည် အဘယ်အရပ်၌ နေကြကုန်သနည်း"ဟု ဆင်ခြင်ခြင်းဖြစ်တော်မူသည်။ ထိုအခါ ဗာရာဏသီပြည် ဣသိပတနမည်သော မိဂဒါဝုန်တော၌ နေကြသည်ကို မြင်တော်မူသဖြင့် မြတ်စွာဘုရားသည် ဥရုဝေလတော၌ မွေ့လျော်တော်မူသရွေ့နေတော်မူပြီးလျှင် ဗာရာဏသီပြည်သို့ ဒေသစာရီကြွချီတော်မူပြီး ပဉ္စဝဂ္ဂီရဟန်းတို့ထံ ချဉ်းကပ်တော်မူသည်။

နေပြည်တော်၌ တည်ဆောက်မည့် သံဝေဇနီယသုံးဌာန တည်နေရာပြပုံစံငယ်

ပဉ္စဝဂ္ဂီရဟန်းတို့က မြတ်စွာဘုရားအား "ကမ္မဋ္ဌာန်းမှထွက်၍ လာဘ်များခြင်းငှာ လှည့်လည်သော သင်သည် အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဉာဏ်အမြင်အထူးကို အဘယ်မှာရနိုင်ပါအံ့နည်း"ဟု သုံးကြိမ်တိုင်ဆိုကုန်ကြသည်။

ထိုသို့ဆိုသော် မြတ်စွာဘုရားက "ငါဘုရားသည် ရဟန္တာတည်း၊ အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိသောဘုရားတည်း၊ အမြိုက်နိဗ္ဗာန်ကို ငါရပြီ၊ ငါသည် တရားဟောအံ့၊ ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကောင်းစွာဝင်သော အမျိုးသားတို့ လိုလားအပ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အတုမရှိသော အရဟတ္တဖိုလ်သို့ မကြာမီ ယခုဘဝ၌ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက်ရောက်၍ နေရလတ္တံ့"ဟု သုံးကြိမ်တိုင်မိန့်တော်မူခဲ့ပြီး ပဉ္စဝဂ္ဂီရဟန်းတို့သည် မြတ်စွာဘုရား စကားတော်ကို ကောင်းစွာနာယူကြကာ အရဟတ္တဖိုလ်ကိုဖြစ်စေရန် စိတ်ကို ရှေးရှုထားကြရာ မြတ်စွာဘုရားက ဓမ္မစကြာသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။

ဓမ္မစကြာတရားဟောရာ မိဂဒါဝုန်ဌာန၌ ဓမ္မရာဇိကစေတီ၊ ဓမေ့ခစေတီ၊ ပဉ္စာယတနစေတီ၊ နန္ဒိယကျောင်းတော်ရာ၊ အသောကကျောက်စာတိုင်၊ ကုမာရဒေဝီကျောင်းတော်ရာနှင့်ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော် ဟောကြားတော်မူဟန် ရုပ်ပွားတော်ကြီးတို့ကို ဖူးမြော်လေ့လာသဒ္ဓါကြည်ညို သံဝေဂယူဖွယ်ရာ တွေ့မြင်ကြရမည်ဖြစ်သည်။

ထို့ပြင် မိဂဒါဝုန်ရောက်ခါနီးတွင် တည်ရှိသည့် ချောက်ကဏ္ဍီစေတီတော်ကြီးသည်လည်း အရေးပါလှသည်။ ၎င်းစေတီတော်ကြီးတည်နေရာသည် မြတ်စွာဘုရားအား ပဉ္စဝဂ္ဂီရဟန်းတို့က ခရီးဦးကြိုဆိုခဲ့ကြသည့်နေရာ ဖြစ်ပါသည်။ ဓမ္မရာဇိကစေတီနေရာသည် ဓမ္မစကြာသုတ်တော် ဟောကြားတော်မူသည့်နေရာ ဖြစ်ကြောင်း၊ ဓမေ့ခစေတီကြီးသည် အရေးပါ အရာရောက်သည့် ဗုဒ္ဓဓမ္မမော်ကွန်းစေတီတော်ကြီး ဖြစ်ပြီး အနတ္တလက္ခဏသုတ်တော် ဟောကြားရာဌာန၊ အရိမေတ္တယျဘုရားအလောင်းတော်အား ဗျာဒိတ်ပေးသောနေရာလည်းဖြစ်ကြောင်း သိရှိရသည်။

အမှန်ဆိုရလျှင် မျက်မှောက်ကာလတွင် ဗုဒ္ဓသာသနာတော်နှင့်ကြုံတောင့်၊ ကြုံခဲ၊ ကြုံဆုံခွင့်ရရှိသည်မှာ စဉ်းစားမိလေ ပီတိစိမ့်စိမ့် ရင်တသိမ့်သိမ့်ဖြင့် ပျော်မဆုံးနိုင်ဖြစ်ရသည်။ သို့ဆိုမူ စာရေးသူတို့နိုင်ငံ နေပြည်တော်၌ သံဝေဇနီယဌာနများကို ယခုကဲ့သို့ တည်ဆောက်ပူဇော်သည့် အချိန်ကာလနှင့် ကြုံဆုံရသည်မှာလည်း ထူးခြားသော ကုသိုလ်ကံ အခွင့်အရေးဖြစ်သည်ကို မည်သို့မျှ ငြင်းဆိုဖွယ်ရာရှိမည်မဟုတ်ပေ။

ဓမ္မမိတ်ဆွေများခင်ဗျာ-

အချုပ်အားဖြင့် တင်ပြရလျှင် မြတ်စွာဘုရား၏ သံဝေဇနီယလေးဌာနသို့ သွားရောက်ဖူးမြော်ပြီး သံဝေဂယူ၊ သံဝေဂပွားများနေမည်ဆိုပါက သည်ဘဝမှ သေလွန်ခဲ့သည်ရှိသော် ကောင်းရာသုဂတိသို့ လားရောက်နိုင်ကြောင်း ဗုဒ္ဓ၏အာမခံချက်နှုတ်မြွက်စကားသည် စာရေးသူတို့အတွက် အနှိုင်းမရှိသော ရလဒ်ကြီးပင်ဖြစ်သည်။ သံသရာမှ မလွတ်မြောက်နိုင်သေးသော စာရေးသူတို့အဖို့ မည်မျှအကျိုးကြီးမားလှသည်ကို သီးခြားဖော်ညွှန်းရန် လိုအပ်မည်မဟုတ်တော့ပေ၊ သို့ဖြစ်ရာ အိန္ဒိယနှင့် နီပေါနိုင်ငံတို့ရှိ သံဝေဇနီယလေးဌာနသို့ မသွားရောက်နိုင်သေးသူများအနေဖြင့် ကိုယ်တိုင်ရောက်ရှိနေသည့်အလား စိတ်ဝယ်မျှော်မှန်း သဒ္ဓါဆန်းဖြင့် နေပြည်တော်၌ တည်ထားမည့် သံဝေဇနီယဌာနများသို့ လာရောက်ဖူးမြော်နိုင်ပါရန်နှင့် အလှူငွေများလည်း တတ်စွမ်းသမျှ ပါဝင်လှူဒါန်းနိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မိုဘိုင်းဖုန်း ကံစမ်းမဲဖောက်ပေး

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁၅) မနိမေခလာလမ်းနေ သာကေတမြို့နယ် ရွှေမဥ္ဇူသီလရှင်စာသင်ကျောင်း အကျိုးဆောင်နာယက ဦးစိန်မြင့်ထွန်း (စာရေးဆရာ တက္ကသိုလ်စိန်မြင့်ထွန်း) က အသက်(၆၃)နှစ် မွေးနေ့အထိမ်းအမှတ်အဖြစ် သီလရှင်စာသင်တိုက်တွင် ပညာသင်ကြားနေသော တိုင်းရင်းသူသီလရှင် ၅၆ ပါးနှင့် မိဘမဲ့ကျောင်းသား ကျောင်းသူ ၅၅ ဦး စုစုပေါင်း ၁၁၁ ဦးကို တစ်နေ့တာ ကျွေးမွေးစရိတ် လှူဒါန်းဒါနပြုပွဲနှင့် ပညာသင်ကြားပေးနေသူ ဆရာ ဆရာမများအား မိုဘိုင်းဖုန်း ကံစမ်းမဲဖောက်ပေးပွဲကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ရွှေမဥ္ဇူသီလရှင် စာသင်ခန်းမဆောင်တွင် ကျင်းပသည်။ ရှေးဦးစွာ မွေးနေ့ရှင် ဦးစိန်မြင့်ထွန်းက သီလရှင်စာသင်တိုက်တွင် စာပေပညာသင်ကြားပေးနေသော ဆရာမခြောက်ဦးကို မိုဘိုင်းဖုန်း မဲဖောက်ပေးရာ ကံထူးသူဆရာမ ဒေါ်ရှယ်လီစိုး ရရှိသွားသည်။ ထို့နောက် စာသင်ကြားနေသော သီလရှင်ဆရာလေးများနှင့် ကျောင်းသား ကျောင်းသူများကို နံနက်စာ အသား၊ ငါးဟင်းမျိုးစုံဖြင့် ကျွေးမွေးအလှူဒါနပြုကြောင်း သိရသည်။

စိန်ရွှေလှိုင်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် ၂/၂၀၁၃-၂၀၁၄

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်း(ပြင်/ထိန်း)လုပ်ငန်းအတွက် လိုအပ်သည့်လမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက်	ပေးသွင်းရမည့်နေရာ
(၁)	၆" - ၉"ကျောက်ကြီး(ညောင်ခြေထောက်)	(၆၂၂)ကျင်း	ကြိမ်ပင်ဆည်-စကြော့-
(၂)	၆" - ၉" ကျောက်ကြီး(ထုံးဘို)	(၉၇)ကျင်း	ခနေဖြူ-ဇလွန်လမ်း
(၃)	ကျောက်စရစ်	(၁၃၂·၇၅)ကျင်း	

၂။ **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - ၁-၁၀-၂၀၁၃ရက်၊ ၁၃း၃၀နာရီ

တင်ဒါဖွင့်မည့်နေရာ - ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်း မိုင်(၄/၂)၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂)၊ လုပ်ငန်းခွင်စခန်းရုံး၊ ညောင်တုန်းမြို့။

တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၁-၁၀-၂၀၁၃ရက် ၁၄း၃၀နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လေယာဉ်ကွင်း အထူးအဖွဲ့(၂)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၃၆၄၀၅တွင် ၂၀-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တည်နေရာ** — **လုပ်ငန်း**

ကယားပြည်နယ်၊ လွိုင်ကော်မြို့ အော်တိုအိတ်ချိန်းဝင်းအတွင်း — (က) နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ပေ (၃၀×၃၀)အဆောက်အအုံတစ်လုံး; (ခ) နှစ်ခန်းတွဲရေလောင်းအိမ်သာတစ်လုံး

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၇-၉-၂၀၁၃ ရက် (သောကြာနေ့)

အချိန် - ညနေ ၄း၃၀ နာရီ

၄။ **အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၃၀-၉-၂၀၁၃ ရက် (တနင်္လာနေ့)

အချိန် - နံနက် ၁၀ နာရီ

၅။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀-၉-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်နယ်မန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၉၆၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကယားပြည်နယ်၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း (လွိုင်ကော်)ရှိ သားဖွားသင်တန်းသူများအတွက် နှစ်ထပ် သင်တန်းသူအိပ်ဆောင်တည်ဆောက်ခြင်း(အလျား ၁၅၀'× အနံ ၃၆'× မျက်နှာကြက် အမြင့် ၂၅')နှင့် လေးခန်းတွဲအိမ်သာနှစ်လုံးဆောက်လုပ်ခြင်း(၁၈' × ၅'× ၇') ဆောက်လုပ်ခြင်းလုပ်ငန်းနှစ်ရပ်ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

(၂)အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်လိုသော ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် ကယားပြည်နယ် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ လွိုင်ကော်တွင် အိတ်ဖွင့်တင်ဒါပုံစံများအား ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှစတင်၍ လာရောက်ထုတ်ယူနိုင်ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၂၇ရက်နေ့ ၁၆း၀၀နာရီရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၊ လွိုင်ကော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၈၃-၂၁၅၉၀သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

အတားအဆီးအပိတ်အဆို့များကို ဖယ်ရှားပြီး လွယ်ကူညင်သာချောမွေ့သောခံစားမှုအတွက် .... ဝမ်းမှန် အကြောပြေဆေး

ပြည်တွင်းသတင်း

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၁၇

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ UNFPA မှ ကိုယ်စားလှယ်များ၊ ကင်ညာနိုင်ငံမှ သန်းခေါင်စာရင်းဆိုင်ရာ နည်းပညာအကြံပေး Mr.Fredrick Okwaio နှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပသတင်းမီဒီယာ ၃၄ ဖွဲ့မှ သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်း၏ နောက်ကြောင်းရာဇဝင်၊ ၂၀၁၄ ခုနှစ်ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကနဦးစီမံချက်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာသိကောင်းစရာများ၊ မေးခွန်းပုံစံနှင့် လက်စွဲစာစောင်များပြုစုခြင်း၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့် လူထုဆက်သွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းဆောင်ရွက်မှု၊ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းထောက်များက သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

ကံပြား-မြို့သစ်- နေပြည်တော် ကားလမ်းပေါ်ရှိ ယင်းချောင်းတံတားချဉ်းကပ်လမ်း ပြန်လည်ပြုပြင်

မြို့သစ် စက်တင်ဘာ ၁၇

မကွေးခရိုင်အတွင်း မြို့သစ်မြို့နယ်ရှိ ကံပြား-မြို့သစ်-နေပြည်တော် ကားလမ်းပေါ်ရှိ ယင်းချောင်းတံတားသည် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုင်တိုင်အမှတ် ၅၀/၅နှင့် ၅၁/၆ အကြားရှိ ယင်းချောင်းတံတားသည် စက်တင်ဘာ ၁၅ ရက် နံနက် ၄ နာရီခွဲက ချဉ်းကပ်လမ်းသည် ယင်းချောင်းရေလှိုင်းများရိုက်ခတ်မှုကြောင့် အကျယ် ၂၅ ပေ၊ အရှည် ပေ ၂၀ ခန့် ပြတ်တောက်ခဲ့သည်။

ချဉ်းကပ်လမ်း ပြတ်တောက်သွားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် ပ. ဆ. c လက်ထောက်အင်ဂျင်နီယာနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက် နံနက် ၅ နာရီမှစ၍ ရွာသွန်းသော မိုးကြောင့် မြေများ၊ သဲအိတ်များဖြင့် ဖို့ထားသောလမ်းမှာ ပြန်လည်ပျက်စီးသွားခဲ့ရာ မကွေးတိုင်းဒေသကြီးရှိ ပ. ဆ. c အဖွဲ့၏ ကူညီဆောင်ရွက်မှုဖြင့် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက စောင့်ဆိုင်းရပ်နားနေကြသော ခရီးသွားပြည်သူများ၊ ကားကြီး ကားငယ်များ အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဇော်ဇော်

● ရှေ့ဖုံးမှ

၁၀၂ ရက်ကြာ ပထမအကြိမ် သုတေသနပြုခဲ့သည်။ မြန်မာ့ပင်လယ်ပြင်တွင် ငါးထုပမာဏ တန်ချိန် ၁၇ သိန်းကျော်နှင့် ငါးမျိုးပြုန်းတီးမှုမရှိဘဲ ဖမ်းဆီးထုတ်လုပ်နိုင်မှု (MSY) တန်ချိန် ၁၁ သိန်းရှိကြောင်း တွက်ချက်ရရှိခဲ့သည်။ တစ်နာရီ ငါးဖမ်းဆီးထုတ်လုပ်မှုမှာ ၆၆၀ ကီလိုရှိကြောင်း သုတေသနပြုနိုင်ခဲ့သည်ဟု သိရသည်။

နောက်ပိုင်း ၂၀၀၇ ခုနှစ်၌ ထိုင်းနိုင်ငံရှိ MV- SEAFDEC 2 ငါးသယံဇာတတိုင်း သုတေသနသင်္ဘောဖြင့် မြစ်ဝကျွန်းပေါ် ငါးဖမ်းကွက် ၁၇ ခုတွင် ရေအောက်ကို တရွတ်ဆွဲပိုက်များဖြင့် ရှာဖွေခဲ့သည်။ တစ်နာရီ ငါးဖမ်းဆီးထုတ်လုပ်မှုကို တိုင်းတာရာ ၈၆ ကီလိုသာ အထိအမိရှိခဲ့၍ပထမသုတေသနပြုချက်နှင့်နှိုင်းယှဉ်ကာ မြန်မာ့ပင်လယ်ပြင်တွင် သဘာဝငါးဖမ်းဆီးထုတ်လုပ်မှုသည် ယခင်ထက်လျော့ကျလာပြီဟူ၍ ပြောဆိုခဲ့ကြသော်လည်း စနစ်ကျသည့် သုတေသနမပြုခဲ့သည်မှာ နှစ်ပေါင်း ၃၀ ကျော်ပြီဟု ကျွမ်းကျင်သူတို့က ဆိုကြသည်။

တိုးတက်လာသည့် လူဦးရေ၏ ငါးရိက္ခာစားသုံးမှု ဖူလုံစေရေးအတွက် သဘာဝပင်လယ်ပြင်ဖမ်းဆီးထုတ်လုပ်ရေးနှင့် မွေးမြူရေးတို့မှ အဓိကပံ့ပိုးပေးလျက်ရှိသည်။ မြန်မာ့ပင်လယ်ပြင်တွင် ငါးသယံဇာတအခြေအနေသည်ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ ရေလုပ်သားတို့ သိရှိရန်လိုအပ်သဖြင့် သုတေသနပြုလုပ်ပြီး ရရှိလာသည့် ကိန်းဂဏန်း အချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေချင်ကြောင်းကို ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက "ငါးသယံဇာတ ဘယ်လောက်ကျန်သေးတယ်။ နောင်ဘယ်လောက်ကြာအောင် လုပ်ကိုင်နိုင်မယ်။ သယံဇာတကို ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာတွေအတွက် သုတေသနလုပ်တာက ကောင်းပါတယ်။ အဲဒီလိုလုပ်ဖို့ကိုလည်း ကျွန်တော်တို့ပဲ အဆိုပြုကြတာပါ။ အရင်က သုတေသနလုပ်တယ်။ ငါးဖမ်းလုပ်ငန်း တကယ်လုပ်ကိုင်နေတဲ့သူ ကျွန်တော်တို့ ဘာမှမသိလိုက်ရဘူး။ အဲဒီလိုမဖြစ်ဘဲ အသင်းအဖွဲ့တွေကတစ်ဆင့် အသိပေးပြီး အဖြေတစ်ခု ထုတ်သင့်ပါတယ်။ လက်ရှိ ငါးဖမ်းဆီးနေတဲ့ အခြေအနေတွေ၊ စီးပွားရေးအရ တွက်ခြေကိုက်တဲ့ ငါးမျိုးစိတ်တွေနဲ့ ဆိုင်တဲ့ ကိန်းဂဏန်းအချက်အလက်တွေကိုပါ သိရှိနိုင်ရင် အကျိုးရှိလာမှာ ပါ" ဟု ပြောသည်။

ရန်ကုန်မြို့လယ်ကောင် အထပ်မြင့်တိုက်များပေါ်မှ ပြုတ်ကျသေဆုံးခဲ့သောဖြစ်စဉ် နှစ်ခုဆက်တိုက်ဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၁၇

ယနေ့ နံနက်ပိုင်းက ကျောက်တံတားမြို့နယ်အတွင်း မြို့လယ်ကောင် အထပ်မြင့်တိုက်များပေါ်မှ ပြုတ်ကျသေဆုံးသောဖြစ်စဉ်နှစ်ခုဆက်တိုက် ဖြစ်ပွားခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

အရောင်းဝန်ထမ်း

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီခွဲခန့်က ကျောက်တံတားမြို့နယ် ရဲစခန်းက တာဝန်မှူး ဒုရဲအုပ်အောင်သန်းဝင်းက တာဝန်ယူဆောင်ရွက်နေစဉ် မဟာဗန္ဓုလလမ်းမနှင့် ပန်းဆိုးတန်းလမ်းဆုံနေရာ၌ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံးနေကြောင်း **(အောက်ပုံ)** သတင်းအရ စခန်းမှူး၊ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ စော်ရှီလာ (၂၅နှစ်) ကရင်လူမျိုးဖြစ်ကြောင်း သိရပြီး ၎င်းမှာ ကျော်ဟုမ်းမတ် (Kyaw Home Mart)မှ အရောင်းစာရေး ဝန်ထမ်းတစ်ဦးဖြစ်ကာ နေထိုင်သော ငါးလွှာအမြင့်မှ ပြုတ်ကျသေဆုံးနေကြောင်း တွေ့ရသဖြင့် နာရေးကူညီမှုအသင်း၏ အစီအစဉ်ဖြင့် ရန်ကုန်ဆေးရုံကြီးသို့ပို့အပ်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှစ်လွှာမှကျ

အလားတူ မွန်းတည့် ၁၂ နာရီခန့်တွင် ကျောက်တံတားမြို့နယ် ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်အောင်သန်းဝင်းက ရန်ကုန်ဆေးရုံကြီးသို့ရောက်ရှိ၍ ပထမအမှုကို လက်ခံဆောင်ရွက်နေစဉ် အမျိုးသမီးတစ်ဦး အထပ်မြင့်တိုက်ပေါ်မှ ပြုတ်ကျသေဆုံးရောက်ရှိလာသဖြင့် အလောင်းကို ကြည့်ရှုစစ်ဆေးရာ ပြုတ်ကျဒဏ်ရာများဖြင့် ၎င်း၏အမည်မှာ ကမ်တယ် (ခ) Kim tel အသက် (၂၃ နှစ်ခန့်)နှင့် ချင်းလူမျိုး ခရစ်ယာန်ဖြစ်ကြောင်း၊ အမှတ် ၁၄၂၊ ရှစ်လွှာ၊ လမ်း ၄၀ ကျောက်တံတားမြို့နယ်တွင် နေထိုင်ကြောင်းနှင့် ၎င်းသည် အထပ်မြင့် ရှစ်လွှာမှ ပြုတ်ကျကာ အောက်ထပ်ရှိ ဆန်းရှိတ်ပေါ်သို့ကျရောက်ပြီး ဆန်းရှိတ်နေရာမှတစ်ဆင့် လမ်းပေါ်ရပ်နားထားသော ကားပေါ်သို့ပြုတ်ကျခဲ့ကာ ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌ သေဆုံးသွားခဲ့ကြောင်း စုံစမ်းသိရှိရ၍ ကျောက်တံတားမြို့နယ်ရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-SP)**

ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၁၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၈ ပါ အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ဒုတိယပွဲတွင် ဂျပန်ယူ-၂၃ က လာအိုအသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရသွားသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(မြန်မာ့အလင်း)**

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရုပ်သံထုတ်လွှင့်မှုကို Analogue စနစ်မှ Digital စနစ်သို့ ပြောင်း၍ အောက်တိုဘာ ၁၅ ရက်မှစတင်ပြီး ပုံမှန်ထုတ်လွှင့်သွားမည်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ၁၉၈၀ ခုနှစ်မှစ၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်ဖြင့် စတင်ထုတ်လွှင့်ခဲ့ပါသည်။ ယခုအခါ တိုးတက်ပြောင်းလဲလာသော ရုပ်သံထုတ်လွှင့်မှုနည်းပညာများအရ Analogue မှ Digital ရုပ်မြင်သံကြားထုတ်လွှင့်မှုစနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်သွားတော့မည်ဖြစ်ပါသည်။ ၎င်းထုတ်လွှင့်မှုစနစ်မှာ လစဉ်ကြေးပေး၍ ကြည့်ရန်မလိုသော အခမဲ့ရုပ်သံထုတ်လွှင့်မှုစနစ် Free To Air (FTA) စနစ်ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် ရန်ကုန်၊ မန္တလေး (စစ်ကိုင်း)၊ နေပြည်တော်(ပျဉ်းမနား)ရှိ စက်ရုံသုံးရုံမှ အောက်တိုဘာ ၁၅ ရက်မှ စတင်၍ ပုံမှန်ထုတ်လွှင့်မည်ဖြစ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ် မေလအတွင်း မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး(ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လှိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ ထားဝယ်မြို့များရှိ စက်ရုံ ၂၀ ရုံတွင် Digital လွှင့်စက်များ ဆက်လက်တပ်ဆင်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ တတိယအဆင့်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၅၆ ရုံကိုလည်းကောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စက်ရုံ ၁၁၀ ကို လည်းကောင်း Digital စနစ်ဖြင့် ပြောင်းလဲတပ်ဆင်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အဆိုပါ Digital (DVB-T2) ရုပ်သံထုတ်လွှင့်မှုစနစ်ကို ဖမ်းယူကြည့်ရှုနိုင်ရန် DVB-T2, MPEG-4 Tuner စနစ်ပါသော Digital TV များဖြင့် လည်းကောင်း၊ လက်ရှိ Analogue ရုပ်မြင်သံကြားစက်များတွင် DVB-T2, MPEG-4 Set-top Box များ တပ်ဆင်၍လည်းကောင်း မိဘပြည်သူများအနေဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါသည်။ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်သွားမည်ဖြစ်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV Channel)၊ Myanmar International(MI Channel)၊ လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်း (National Races Channel)၊ တောင်သူလယ်သမား ရုပ်သံလိုင်း (Farmers Channel) စသဖြင့် ရုပ်သံလိုင်း ငါးလိုင်းကို Free To Air စနစ်ဖြင့် ကနဦးထည့်သွင်း ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။ ဆက်လက်၍လည်း ကျန်တိုင်းရင်းသားရုပ်သံလိုင်းများအပါအဝင် (Channel) များကို တိုးချဲ့ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဤကဲ့သို့ Digital စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်ရာတွင် ပြည်သူလူထုအကျိုးငှာ လက်ရှိထုတ်လွှင့်နေသော Analogue စနစ် ရုပ်သံထုတ်လွှင့်မှုကိုလည်း သုံးနှစ်အပြိုင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် အစီရင်ခံစာတင်သွင်းနိုင်ရန်အတွက် ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် ဌာနများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်ကော်မတီ အဆောင် အမှတ်(၃)၌ကျင်းပရာ **(ယာပုံ)** အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌဦးဝင်းစိန်က ပြည်သူ့လွှတ်တော် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးများတွင် ကတိပြုခဲ့သော မေးခွန်းများ၊ အတည်ပြုခဲ့သော အဆိုများနှင့် ကြယ်ပွင့်မပြ စာဖြင့်မေးသော မေးခွန်းများ၏ မပြီးပြတ်သေးသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးသန်းမြင့်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဝင်းသန်း၊ ဦးသန်းနွယ်၊ ဦးလှထွန်းဦး၊ ဦးကိုကိုလွင်၊ ဦးသန်းထွန်း၊ ဗိုလ်မှူးသိန်းထွန်း၊ ဦးဟန်စိန်၊ ဒေါ်ခင်စောဝေနှင့် ဒေါ်ခင်သန္တာတို့က ကျင်းပပြီးစီးခဲ့သည့် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးများတွင် ကတိပြုခဲ့သော မေးခွန်းများ၊ အဆိုများ၏ မပြီးပြတ်သေးသော လုပ်ငန်းများ၊ စာဖြင့်မေးသော မေးခွန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် ဌာနများမှတာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က မပြီးပြတ်သေးသည့် လုပ်ငန်းများကို ပြီးပြတ်အောင် ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ရတနာပုံတက္ကသိုလ်(မန္တလေး)ဝင်းအတွင်း မြစ်ရေဝင်

ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)

မန္တလေး စက်တင်ဘာ ၁၇

ယခုရာသီသည် မိုးရာသီဖြစ်သည်နှင့်အညီ ရေကြီးရာသီဆိုကမများပေ။ နိုင်ငံနှင့်အဝန်း တိုင်းဒေသကြီးအချို့နှင့် ပြည်နယ်အချို့ဒေသများတွင် မိုးရွာသွန်းမှုများကြောင့် မြစ်ရေများမြင့်တက်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ မြစ်ရေမြင့်တက်မှုတို့ကြောင့် ရေဘေးဒုက္ခများ နိုင်ငံနှင့်အဝန်း တွေ့ကြုံခံစားနေကြရသည်ကိုလည်း တွေ့မြင်ရသည်။ မိုးရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေမြင့်တက်၍ ရတနာပုံတက္ကသိုလ်(မန္တလေး) ဧရိယာဝင်းအတွင်း ရေများဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။ ရတနာပုံတက္ကသိုလ်(မန္တလေး)တွင် ရပ်ဝေးမှကျောင်းလာတက်ကြသော ကျောင်းသားကျောင်းသူအချို့သည် ရတနာပုံတက္ကသိုလ်အနီးရှိ ထန်းတော၊ အိုးဘို၊ ကွက်သစ်များတွင် အဆောင်ငှားနေကြရာ ၄င်းတို့နေထိုင်သော အဆောင်ပတ်ဝန်းကျင်တွင် မြစ်ရေဝင်ရောက်မှုကြောင့် အချို့ကျောင်းသားကျောင်းသူများ တက္ကသိုလ်စာမေးပွဲဖြေဆိုရန် လှေဖြင့်လာကြရသလို အချို့ကျောင်းသားများ အနေဖြင့် ပေါင်လယ်လောက်ရှိသောရေထဲမှ ခက်ခဲစွာသွားလာကြရကြောင်း သိရသည်။ "ကျောင်းပတ်ဝန်းကျင်မှာ ဘယ်နေရာမှာ ချိုင့်၊ ဘယ်နေရာမှာ လမ်းဆိုတာသိထားတော့ ပုဆိုးခါးတောင်းကျိုက်ပြီး ဖြတ်သွားလို့ရနေတာပဲ၊ ဒါလေးများ" ဟု ဒုတိယနှစ် စာမေးပွဲဖြေဆိုမည့် ကျောင်းသားတစ်ဦးကလည်း ပြောဆိုသွားသည်။

တောင်သမန်အင်းဘေး ကန်ပတ်လမ်းပေါ်တွင်လည်း ရေလျှံနေမှုများကြောင့် မန္တလေးရတနာပုံ တက္ကသိုလ်စာမေးပွဲ ဖြေဆိုရန်လာကြသော ကျောင်းသားကျောင်းသူများ ခက်ခဲစွာ သွားလာနေကြရကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

ညောင်ပင်လေးဈေးရှိ ကုမ္ပဏီရုံးခန်းအတွင်း မီးလောင်မှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၁၇

ယနေ့နံနက်ပိုင်းက လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးရှိ ကုမ္ပဏီရုံးခန်းအတွင်း နံရံကပ်အဲယားကွန်းမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ငြိမ်းသတ်ခဲ့

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးတိုက် A လေးလွှာ၊ အခန်းအမှတ် (၄၀၄)ရှိ NEW WORLD SHWE PYI TAN Co.,Ltd. ရုံးခန်းအတွင်းရှိ နံရံကပ်အဲယားကွန်းမှ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးစတင်လောင်ကျွမ်းခဲ့ရာ ဖိုက်ဘာတံခါးတစ်ချပ်၊ ကွန်ပျူတာ UPS တစ်လုံးတို့ကို ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။ မီးလောင်ရာနေရာသို့ ကျောက်တံတားမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးငြိမ်းသတ်ယာဉ်လေးစီး၊ စမ်းချောင်းမြို့နယ်မှတစ်စီး၊ အလုံမြို့နယ်မှတစ်စီး၊ တာမွေမြို့နယ်မှ နှစ်စီး၊ သာကေတမြို့နယ်မှနှစ်စီး၊ လသာမြို့နယ် အရန်မီးသတ်တပ်ဖွဲ့မှတစ်စီးဖြင့် စုစုပေါင်းမီးငြိမ်းသတ်ယာဉ် ၁၁ စီး၊ ကွပ်ကဲမှုယာဉ် ဇော်ဂျီတစ်စီး၊ စန္ဒာ(တိုင်း)မှတစ်စီးတို့ ရောက်ရှိငြိမ်းသတ်ခဲ့သဖြင့် ၁၇ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အရေးယူဆောင်ရွက်

အဆိုပါ မီးလောင်မှုအတွင်း မိတ်ဖက်ယာဉ်များ ပါဝင်ငြိမ်းသတ်ခြင်းမရှိဘဲ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ညွှန်ကြားရေးမှူးကိုယ်တိုင် ကြီးကြပ်မှုဖြင့် ရေဂါလန် ၁၅၀ အသုံးပြုကာ သန္ဓေမီးသတ် တပ်ဖွဲ့ဝင် ၆၀၊ အရန်မီးသတ်တပ်ဖွဲ့ ဝင် ၂၆ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး လျှပ်စစ်မီးပေါ့ဆစွာ သုံးစွဲသူ အဆိုပါ ကုမ္ပဏီမန်နေဂျာ ဦးကျော်သန့်ကို လမ်းမတော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

နေ့စဉ်ထုတ်သတင်းစာများကို Mobile Phone များတွင်ကြည့်ရှုနိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar နေ့စဉ်ထုတ်သတင်းစာများကို အွန်လိုင်းအင်တာနက်မှတစ်ဆင့် မိမိတို့၏ကွန်ပျူတာ၊ Tablet နှင့် Mobile Phone များမှတစ်ဆင့် ကြည့်ရှုနိုင်ပြီဖြစ်သည်။ ကွန်ပျူတာမှတစ်ဆင့် ဖတ်ရှုလိုသူများနှင့် Download ချပြီး သိမ်းဆည်းထားလိုသူများအတွက် www.moi.gov.mm/npe/mal၊ www.moi. gov. mm/npe/km၊ www.moi.gov.mm/npe/nlm Website လိပ်စာများမှတစ်ဆင့် ဖတ်ရှုသိမ်းဆည်းထားနိုင်ပါသည်။

Android Mobile Phone များနှင့် Tablet များမှတစ်ဆင့် ဖတ်ရှုလိုသူများအတွက် m.moi.gov.mm/npe/mal၊ m.moi.gov.mm/npe/km၊ m.moi.gov.mm/npe/nlm Website လိပ်စာများမှတစ်ဆင့် ဖတ်ရှုနိုင်ပြီး မိမိ၏ Android Mobile Phone များနှင့် Tablet များမှ အလွယ်တကူတိုက်ရိုက်ဖတ်ရှုနိုင်ရန် apk အတွက် google playstore ၏ Categories တွင် News and magazines ကို ရွေးချယ်၍ မြန်မာ့အလင်း၊ ကြေးမုံနှင့် The New Light of Myanmar စာသားအမှတ် တံဆိပ်ပါ Application Icon များကိုနှိပ်၍ Install လုပ်ယူကာ မိမိ Mobile Phone များနှင့် Tablet များပေါ်တွင် တိုက်ရိုက်ဖတ်ရှုခြင်းနှင့် Download ချ၍ ဖတ်ရှုခြင်းများ ပြုလုပ်နိုင်ပါသည်။ Download ချ၍ ဖတ်ရှုနိုင်ရန်အတွက် မိမိ Mobile Phone များနှင့် Tablet များပေါ်တွင် Acrobat Reader Version ကို ဦးစွာ Install လုပ်ထားရန် လိုအပ်ပါသည်။

ipad ၊ i Phone များအတွက် The Apple Store တွင် Mobile app ကို Free Download ချ၍ ဖတ်ရှုနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **(သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)**

မင်းဘူး၊ မကွေး၊ အောင်လံ၊ ပြည်နှင့် ဆိပ်သာမြို့တို့၏ စိုးရိမ်ရေမှတ်များသို့ ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၂ စင်တီမီတာ(၀ ဒသမ ၇ ပေခန့်)တွင် ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက်၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂၉ စင်တီမီတာ(တစ်ပေခန့်)တွင် ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅၀ စင်တီမီတာ(၁ ဒသမ ၆ ပေခန့်)တွင် ရောက်ရှိနေပြီး ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၇ စင်တီမီတာ(တစ်ပေခွဲခန့်)တွင် ရောက်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၂ စင်တီမီတာ(၁ ဒသမ ၄ ပေခန့်)တွင် ရောက်ရှိနေပြီး ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးသော်လည်း ကန်များရေပြည့်လျှံသည့်အတွက် တောင်သူများဝမ်းမြောက်ဝမ်းသာဖြစ်

ညောင်ဦး စက်တင်ဘာ ၁၇

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီမှစတင်ပြီး တစ်ညလုံးမိုးသည်းထန်စွာ ရွာသွန်းခဲ့သည်ကို သိရှိရသည်။ အဆိုပါမိုးသည် တစ်ညလုံး သဲသဲမဲမဲရွာသွန်းခဲ့ရာမှ ကျေးရွာတိုင်းရှိ ရေကန်တိုင်းလည်း ပြည့်လျှံခဲ့သည်။

လမ်းများပျက်စီးမှုအနည်းငယ်ရှိသည်။ ချောင်းရေများလည်း ကျခဲ့သည်။ ချောင်းများရေကျရာတွင် ချောင်းနံဘေးရှိ ခြောက်လပဲခေါ် ပဲကြီးခင်းများ၊ သုံးလပဲခေါ် ပဲလေးခင်းများ၊ ပဲနောက်ခင်းများ ဩဂုတ်လမှာရွာသောမိုးနှင့် ကြဲထားသော နှမ်းကြီးခင်းများတွင် သဲများပို့ပြီး ဆုံးရှုံးခဲ့သည်။ အချို့ယာခင်းဆိုရင် ရေတိုက်စားခံရသည်။ ပိုဆိုးတာက ကန်ရေလာချောင်းနှင့် နီးသည့် ယာခင်းတွေဆိုရင် ပိုပြီးသဲပို့များသည်။ မိုးကလည်း တစ်ညလုံးရွာပြီး နောက်တစ်နေ့ မွန်းတည့် ၁၂ နာရီခန့်ကြာအောင် ရပ်လိုက်နားလိုက်နှင့် ရွာချရာ ဒီမိုးမျိုး မရွာဖူးတာကြာပြီဟု တောင်သူဦးသောင်းဌေးထံက သိရသည်။ ယခင်နှစ်ရာသီက မိုးခေါင်ရေရှားဖြစ်ခဲ့သော ငါ့သရောက်မြို့နယ်တွင်းမှ ကျေးရွာများမှာ ယခု စက်တင်ဘာ ၁၅ ရက်တွင် ရွာသောမိုးနှင့် ကန်ရေများပြည့်လျှံနေသည့်အတွက် ကျေးလက်တောရွာများတွင် နေထိုင်သောပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြသည်။ ရေရှားမှုဖြစ်ခဲ့သော ကျေးရွာများမှ ရေတစ်စည် လျှင်ငွေကျပ် ၂၅၀ မှ ၅၀၀ အထိ ပေးဝယ်ရပြီး တစ်နေ့လျှင် ကုန်ကျစရိတ် ငွေကျပ် ၁၀၀၀ ကျော် ကုန်ကျခဲ့ရာ ယခုလို မိုးရွာပြီဆိုရင် ကန်ရေက အခမဲ့သုံးစွဲခွင့်ရသည့်အတွက် မိုးရွာသွန်းမှုကို ပျော်ရွှင်နေကြရသည်ဟုသိရသည်။ တစ်ဖက်က မိုးသည်းထန်စွာရွာသွန်းပြီး သီးနှံများ ပျက်စီးဆုံးရှုံးခဲ့သော်လည်း တစ်ဖက်က ကန်ရေပြည့်တာကြည့်ပြီး ဝမ်းသာပီတိဖြစ်နေပြီဟု တောင်သူတစ်ဦးက ပြောသည်။

ကျော်ဌေး

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စစ်ကိုင်းခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ၌ တည်ဆောက်နေသော ရွှေရတု တိပိဋကစက္ကူပါလ မျက်စိဆေးရုံတည်ဆောက်နေမှုကို စစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့နယ် ရေခါးကျေးရွာ ရေပေးဝေရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ရေခါးကျေးရွာ၊ စကျင်ကျေးရွာနှင့် ကျောက်တာကျေးရွာများ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုးမိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက် မိုးမိတ်စေတီတော်ကြီးများ (၅၃) ကြိမ်မြောက် ဗုဒ္ဓ၊ ဓမ္မ၊ သံဃာပူဇာပွဲသို့ တက်ရောက်ကြည်ညိုသည်။

ယင်းနောက် ထုံးအိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို စစ်ဆေးကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် မယ်ဇလီချောင်ကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်သောက်သုံးရေရရှိရေးနှင့်ပတ်သက်၍ ပြည်သူ့လိုအပ်ချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ သမဝါယမတက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံစစ်ကိုင်းမြို့နှင့် ကိုရီးယားနိုင်ငံ ဖူဆန်မြို့တို့ကို မြို့ညီအမမြို့တော်အဖြစ် သတ်မှတ်ရေးတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတင်းတိုကောက်နုတ်ချက်

မန္တလေး စက်တင်ဘာ ၁၇

➢ ပြည်ကြီးတံခွန်မြို့နယ် အထက(၂၉)ကျောင်းဝင်းလမ်း (၅၁×၅၆)လမ်းကြားရှိ ဘုရင့်နောင်လမ်းကို ကတ္တရာလမ်းအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်။

➢ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်း ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းရေးနှင့်မီးလင်းစေရေးအတွက် ဆောင်လုပ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်။

➢ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)ရှိ (၅၁)လမ်းနှင့် အမှတ်(၄၉)လမ်းများ ကတ္တရာလမ်းအဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်။

➢ မန္တလေး-ချောင်းဝန်းလမ်း မိုင် (၃/၇) မှ (၆/၀) အထိ ပုသိမ်ကြီးမြို့တွင်းလမ်းပိုင်းကို ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအကျယ် ၂၄ ပေမှ အကျယ်ပေ ၄၀ အထိ တိုးချဲ့ပေးခြင်းနှင့်အတူ မြေသားတာပေါင်တိုးချဲ့ခြင်း၊ ဖို့ကြိတ်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပုသိမ်ကြီးမြို့အဝင် ဘေးလမ်းကို ကျောက်စီရေမြောင်းများ ဖောက်လုပ်ပေးလျက်ရှိသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တံတားလေးစင်း တိုးချဲ့ခြင်း၊ Box Culvert နှစ်ခုတည်ဆောက်ခြင်း၊ ရေစီးရေလာမကောင်းသော ရေဝပ်နွံထူထပ်သောနေရာတွင် ကျောက်စီရေမြောင်းဆောက်လုပ်ခြင်းနှင့် မိုင် (၄/၂) နှင့် (၄/၅) အတွင်း လမ်းဘေးရေဆိုးထုတ်မြောင်းတစ်လျှောက် ကျောက်စီမြေကာရံဆောက်လုပ်ရန်အတွက် ခွင့်ပြုရန်ပုံငွေရရှိရေးတင်ပြထားပြီးဖြစ်သည်။

➢ ဝမ်းတွင်းမြို့နယ် နေပူကုန်းကျေးရွာအုပ်စု ဇီးကျင်းကျေးရွာမှ ဒိုင်းကောင်းကုန်းကျေးရွာအုပ်စု ညောင်ပင်လှကျေးရွာသို့ ဆက်သွယ်သည့် အရှည် (၂/၃)မိုင်၊ အကျယ် ပေ ၂၀၊ အမြင့် နှစ်ပေ မြေသားလမ်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၈ ဒသမ ၉၁ သန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။

➢ ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု ညောင်နီမှအင်းကြီးကျေးရွာအထိအရှည် (၃/၀) မိုင်ကျော်ခန့်ကွာဝေးပြီး အရှည် (၂/၀) မိုင်ကို ကျောက်ချောလမ်းဆောင်ရွက်ခဲ့ပြီးဖြစ်၊ ကျန်ရှိအရှည် ၅၉၂၄ ပေ၊ အကျယ် ၁၂ ပေ၊ ထု ရှစ်လက်မ ကျောက်ချောလမ်းအတွက် ငွေကျပ် ၃၄ ဒသမ ၈၀ သန်းနှင့် လမ်းပေါ်တွင် အရှည် ၁၃ ပေ၊အကျယ် ၁၄ ပေ၊ အနက်ရှစ်ပေ သံကူကွန်ကရစ်တံတားတစ်စင်းအတွက် ငွေကျပ် ၅ ဒသမ ၄၀ သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ် ၄၀ ဒသမ ၂၀ သန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်။

ဧရာဝတီမြစ်ရေ မန္တလေးတွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

မန္တလေး စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင်ဧရာဝတီမြစ်ရေသည် စက်တင်ဘာ ၁၅ ရက်က စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေပြီဖြစ်၍ ကမ်းနားလမ်းတာရိုးတစ်လျှောက် ရေကျော်နိုင်သည့် တာရိုးနံဘေးနေရာများတွင် မန္တလေးစည်ပင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ စက်တင်ဘာ ၁၃ ရက် ညနေပိုင်းကစ၍ သဲအိတ်များကိုအချိန်မီကာရံတားခဲ့ကြောင်း သိရသည်။

မန္တလေးမြို့ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြို့တော်၏အဓိကကုန်စည်စီးဆင်းရာ ဧရာဝတီကမ်းနံဘေးကျွဲစွန်းဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်း၊ ဂေါဝိန်ဆိပ်ကမ်းတို့ရှိသင်္ဘော၊ လှေ၊သမ္ဗန်များ ကမ်းနားလမ်းနီးပါးအထိ မေးတင်ဆိုက်ကပ်ထားသည်ကို တွေ့ရှိရသည်။ အဓိကကုန်တင်ကုန်ချပြုလုပ်သည့် ဆိပ်ကမ်းများမှသင်္ဘော၊ သမ္ဗန်၊ စက်လှေတချို့တို့က မန္တလေး ချမ်းမြသာစည်မြို့နယ် ပေပင်ဆိပ်ကမ်း၌ဆိုက်ကပ်ကာ ကုန်တင်ကုန်ချပြုလုပ်နေကြကြောင်း သိရသည်။

ထောက်ပံ့

ဧရာဝတီမြစ် ရေကြီးမှုကြောင့် ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်ရသည့် ပြည်သူများကို မန္တလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် မြို့နယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သွားရောက်၍ လှူသုံးကုန်ပစ္စည်းများနှင့် အခြားစားသောက်ဖွယ်ရာများ ကူညီထောက်ပံ့ပေးလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း စားသောက်ဖွယ်ရာများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် စက်တင်ဘာ ၁၄ ရက် ညနေ ၆ နာရီခွဲတိုင်းထွာချက်အရ ၁၂၇၉ စင်တီမီတာအထိတက်လာ၍ မန္တလေးမြို့၏စိုးရိမ်ရေမှတ်မှာ ၁၂၆၀ စင်တီမီတာဖြစ်ရာ စိုးရိမ်ရေမှတ်အထက်တွင် ၁၉ စင်တီမီတာကျော်လွန်ခဲ့ပြီး စက်တင်ဘာ ၁၅ ရက်ညနေ၆နာရီခွဲနှင့် ၁၆ ရက် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ၁၂၆၄ စင်တီမီတာရောက်ရှိသွားသဖြင့် စိုးရိမ်ရေမှတ်အထက် လေးစင်တီမီတာကျော်လွန်၍ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

တင်မောင်(မန္တလေး)

တောင်သမန်အင်းအနီးရှိ ကျေးရွာများတွင် ရေဝင်ရောက်နေစဉ်။

ကျေးရွာထင်းစိုက်ခင်းများရှင်သန်ရေး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်

မန္တလေး စက်တင်ဘာ ၁၇

ကျေးရွာထင်းစိုက်ခင်းများ ရှင်သန်ရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ကျေးရွာသူ ကျေးရွာသားများက မိမိတို့စိုက်ပျိုးထားသည့် သစ်ပင်များကို ဥစ္စာရင်လိုဥစ္စာရင်ခဲ သဘောထား၍ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ခြင်း၊ ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်ကြရန် အထူးလိုအပ်လှကြောင်း၊ အားလုံးသော ပြည်သူများကသာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ထိရောက်စွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးဦးသန်းစိုးမြင့်က ပြောသည်။

ကျင်းပဆဲမန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် ကိုယ်စားလှယ်ဦးဇော်ဝင်း တင်သွင်းသည့် အဆိုအပေါ် ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားလိုက်ခြင်းဖြစ်သည်။

ကျေးလက်နေ ပြည်သူများ၏ အခြေခံစားဝတ်နေရေးအတွက် နေအိမ်၊ အဆောက်အအုံ၊ လယ်ယာသုံးပစ္စည်းများနှင့် ထင်းလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်များတွင် သစ်တောဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ကျေးရွာပိုင်ထင်းစိုက်ခင်း ၈၁၇၀၀ ဧကစိုက်ပျိုးတည်ထောင်ထားရှိခဲ့ကြောင်း၊ ငါးနှစ်ပြည့်သည့် စိုက်ခင်းများကို သက်ဆိုင်ရာကျေးရွာများသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ယနေ့အထိစိုက်ခင်း ၁၂၇၁၆ ဧက ကျေးရွာပေါင်း ၅၀ သို့ လွှဲ ပြောင်းပေးအပ်ပြီး ထင်းတန်ချိန် ၃၂၅ ဒသမ ၂၉ တန်ကိုလည်းကျေးရွာလူထုထံသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးကဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ပြီးစိုက်ခင်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများအား ဒေသခံအုပ်ချုပ်ရေးမှူး၏ကြီးကြပ်မှု၊သစ်တောဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်အိမ်ရာစီမံချက်အရ တစ်ရွာတစ်ဧက ကျေးရွာသုံးစိုက်ခင်းများ တည်ထောင်စိုက်ပျိုးရန်၊ မြေနေရာရရှိရေးနှင့် ပျိုးပင်များစိုက်ပျိုးခြင်းကို သက်ဆိုင်ရာကျေးရွာအဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရပြီး ပျိုးပင်များပျိုးထောင်ခြင်းကို သစ်တောဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေဖြင့် ပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၃၀ နှုန်းဖြင့် ပျိုးထောင်၍ တစ်ရွာတစ်ဧကစိုက်ပျိုးမည့်ကျေးရွာများသို့ အခမဲ့ပျိုးပင်များ ဖြန့်ဝေပေးနေကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၄၇၈၀ အနက် ကျေးရွာ ၄၀၇၁ ရွာတွင် ကျေးရွာထင်းစိုက်ခင်း ထူထောင်ပေးခဲ့ပြီးဖြစ်၍ ကျေးရွာထင်းစိုက်ခင်းပျိုးထောင်ပေးရန် ၇၀၉ ရွာကျန်ရှိသည့်အနက် ရွာပေါင်း ၃၂၀ ကို ကျန်ရှိသည့်လပေါင်း ၃၀ အတွင်း တစ်ရွာတစ်ဧက ထင်းစိုက်ခင်းများအပြီး ထူထောင်စိုက်ပျိုးသွားမည်ဖြစ်သည်။

ဒီစီအီး(မန္တလေး)

ဆင်ခြေထောက်ရောဂါကာကွယ်ရေးသင်တန်းပေး

ရမည်းသင်း စက်တင်ဘာ ၁၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် စက်တင်ဘာ ၉ ရက် နံနက်က ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူကုန်ဆေးတိုက်ကျွေးတစ်ရက်တာသင်တန်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာနီလာထွန်းဦးဆောင်ဖွင့်လှစ်ခဲ့ရာ မြို့နယ်အတွင်းရှိ တိုက်နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျေးလက်ဆေးပေးခန်းများနှင့် မိခင်ကလေးကျန်းမာရေးဝန်ထမ်းများတက်ရောက်ကြသည်။

မြို့အတွင်းရှိ ရပ်ကွက်ငါးအုပ်စုနှင့် ကျေးရွာ ၆၃ အုပ်စု စုစုပေါင်း ၆၈ အုပ်စုရှိ ရွာပေါင်း ၂၄၆ ရွာ လူဦးရေစုစုပေါင်း ၂၂၀၉၉၃ ဦးအား ဆင်ခြေထောက်ရောဂါကာကွယ်ဆေး (DEC)နှင့် သန်ချဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိကွင်းဆင်းကာ တစ်အိမ်တက်ဆင်းတိုက်ကျွေးလျက်ရှိသည်။ ယင်းလုပ်ငန်းများအောင်မြင်ရေးအတွက် တိုက်နယ်သုံးခု၊ ကျေးလက် ဆေးပေးခန်းလေးခုနှင့် မိခင်ကလေး ဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းပြီး တစ်အိမ်တက်ဆင်းကာကွယ်ဆေးများ တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။ **(ဝ၁၁)**

အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းဖွဲ့စည်း

နေပြည်တော် စက်တင်ဘာ ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက်ရှိ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက ဓနသိဒ္ဓိရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ပြီး သဒ္ဓမ္မ ဝေပုလ္လကျောင်းတိုက်ဆရာတော်ဦးစာရိတ္တက သြဝါဒစကားမိန့်ကြားသည်။ ဆက်လက်၍ အောင်ပန်းမြိုင် လူမှုကူညီရေးအသင်းဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်၍ အဖွဲ့ဝင် ဦးငွေဝင်းက ရှင်းလင်းတင်ပြပြီး အမှုဆောင်ကော်မတီအဖွဲ့ကို အများဆန္ဒနှင့် အတည်ပြုဖွဲ့စည်းခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများနှင့် အမှုဆောင်ကော်မတီမှ မတည်အလှူရှင်များဖိတ်ခေါ်ခြင်းနှင့်အသင်း၏ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးကာ သဒ္ဓမ္မဝေပုလ္လကျောင်းတိုက်ဆရာတော် ဦးစာရိတ္တက နိဂုံးချုပ်အမှာစကားပြောကြားကာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ရွှေညောင်ပင်စာပေရေချမ်းစင်ဖွင့်လှစ်

မကွေး စက်တင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး မကွေးမြို့ တောင်တွင်းလမ်း အောင်စေတနာရပ်ကွက်ယုဇနလမ်းထိပ်တွင်ရွှေညောင်ပင်စာပေရေချမ်းစင်ဖွင့်ပွဲအခမ်းအနားကို ရွှေညောင်ပင်အောက်တွင် စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားကို မကွေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစောဝင်းမောင်နှင့် မကွေးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့် (မကွေးဝင်းမြင့်) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာသော စာပေဝါသနာရှင်များအား အမှတ်တရလက်ဆောင်စာအုပ်များ ပေးအပ်သည်။ ရွှေညောင်ပင်စာပေရေချမ်းစင်တွင် လာရောက်စာဖတ်သူတစ်ဦးက ကျွန်တော်တို့ မကွေးမြို့မှာ ယခုလို စာပေရေချမ်းစင်လေးတွေတွေ့လာရတော့ ကျွန်တော်တို့ပြည်သူတွေ စာဖတ်လာကြတာဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်။ ဒါ့အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း စာပေရေချမ်းစင် အသေးလေးတွေကို ကျွန်တော်တို့မြို့ရဲ့ လူစည်ကားတဲ့ ဈေးတို့၊ ဆေးရုံတို့၊ ကျောင်းပတ်ဝန်းကျင်အနီးမှာ သုတစာအုပ်လေးတွေကို တစ်လတစ်ခါလာရောက်လဲလှယ်ပေးတာကို သိရတဲ့အတွက် ဝမ်းသာမိပါတယ်လို့ ပြောကြားသည်။

ခင်မာလာ(မကွေး)

ရာသီဥတုကြောင့် ကွန်ကရစ်တံတားတိုင်တစ်တိုင်ကျိုး

နေပြည်တော် စက်တင်ဘာ ၁၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့အထွက် မိုင်တိုင်အမှတ် (၆၇/၃-၄) ကြားရှိ တံတားအမှတ် (၄/၆၈) အရှည် ၇၅ ပေ၊ အကျယ် ၂၄ ပေရှိ ခင်နိမ်းမူကွန်ကရစ်တံတားသည် စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ရာသီဥတုဒဏ်ကြောင့် ရေလယ်တိုင်လေးတိုင်အနက်တစ်တိုင်မှာ ကျိုးကျသွားခဲ့သည်။ အခင်းဖြစ်နေရာသို့ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများနှင့် မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးမှ ဝန်ထမ်းများက သွားရောက်စစ်ဆေးခဲ့ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အဆင်း ကုန်တင်ယာဉ်ကြီးများကို တံတားနှင့်တစ်မိုင်ခန့်အကွာ ရန်ကုတ်ကျေးရွာတွင် လည်းကောင်း၊ အတက်ကုန်တင်ယာဉ်များကို တံတားစစ်ဆေးရေးဂိတ်နှင့် နယ်မြေခံတပ်ဝင်းအတွင်းတွင်လည်းကောင်း ခေတ္တရပ်နားထားစေပြီး ယာဉ်ငယ်များကို တစ်စီးချင်းဖြတ်သန်းမောင်းနှင်စေလွှတ်ပေးလျက်ရှိကြောင်း၊ ယာဉ်သွားလာမှုနှင့် လမ်းရှင်းလင်းရေးကို ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများက တံတားကို ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရဲပြန်ကြား

ချင်းတွင်းမြစ်ရေမြင့်တက်လာသည့်အတွက် ရေယာဉ်ပြေးဆွဲခွင့် ယာယီရပ်ဆိုင်း

ကလေးဝ စက်တင်ဘာ ၁၇

ချင်းတွင်းမြစ်ရေသည် ယခုရက်ပိုင်းအတွင်း မြင့်တက်လာပြီး ဆက်လက်မြင့်တက်မည့်အလားအလာရှိနေသောကြောင့် မြစ်အတွင်း ရေယာဉ်များဘေးအန္တရာယ်ဖြစ်ပေါ်စေနိုင်သည့်အတွက် ရေယာဉ်ပြေးဆွဲခွင့်ကို စက်တင်ဘာ ၁၂ ရက်မှစ၍ ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

ချင်းတွင်းမြစ်ကြောင်းအတိုင်း ရေလမ်းခရီးရှည်များကို ခုတ်မောင်းပြေးဆွဲနေသောခရီးသည်တင်ရေယာဉ်ကြီးများနှင့် မုံရွာဆိပ်ကမ်းမှနေ့စဉ်ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်ကြီးများသည် လက်ရှိအခြေအနေတွင် စိုးရိမ်ဖွယ်ရာအခြေအနေရှိ၍ ရေယာဉ်ပြေးဆွဲခွင့် ယာယီရပ်ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ရပ်ဆိုင်းလိုက်သော်လည်း ရေယာဉ်စီးနှင်းခွင့် ကြိုတင်လက်မှတ်ဝယ်ယူထားသူများအတွက် အခက်အခဲမရှိစေရန် စီစဉ်ဆောင်ရွက်ထားကြောင်း တိုင်းဒေသကြီးရေယာဉ်ကြီးကြပ်ရေးအဖွဲ့က ပြောကြားသည်။

မြင့်တက်

ယခု စက်တင်ဘာ ဒုတိယအပတ်အတွင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင်တစ်ပေမှ နှစ်ပေခန့်၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် နှစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်ဟု သိရသည်။

နေစု(ချင်းရိုးမ)

ရေဘေးသင့်ပြည်သူများအား ထမင်း၊သောက်ရေနှင့် ဓာတ်ဆားထုပ်များ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၇

အမှတ်(၁၄)ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များနှင့်မိသားစုများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်တိုက်နယ် ဉယျာဉ်တော်ကျေးရွာအတွင်းရှိ သီရိသာယာမွေ့ရုံ၌ ရေဘေးသင့်ပြည်သူ ၅၀ နှင့် ရွှေရန်ကင်းဘုရားဝင်းအတွင်းရှိ ရေဘေးသင့်ပြည်သူ ၁၃၇ ဦး စုစုပေါင်း ၁၈၇ ဦးတို့ကို စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ထမင်းထုပ်၊ သောက်ရေသန့်၊ သီးစုံဓာတ်ဆားတစ်ထုပ်စီပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ရဲပြန်ကြား

ဇန်းမော်မြို့၌ မီးလောင်မှုဖြစ်ပွား

ဇန်းမော် စက်တင်ဘာ ၁၇

ဇန်းမော်မြို့ မင်းကုန်းရပ်ကွက် အိမ်အမှတ် (၁၉၈) ဒေါ်ခင်ခင်၏ နှစ်ထပ်ပျဉ်ထောင်အိမ်၏ဘေးဆောင်တွဲ၌နေထိုင်သောဒေါ်ခင်ခင်၏တူကိုသက်နိုင်ဦးမှဘုရားစင်ပေါ်တွင် စက်တင်ဘာ ၁၆ ရက် ည ၈ နာရီ ၂၆ မိနစ်က ဖယောင်းတိုင်မီးပူဇော်ခဲ့၍မီးစတင်လောင်ကျွမ်းပြီး နေအိမ်ကြီးကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်မှုကြောင့် ကိုသက်နိုင်ဦး (၂၄ နှစ်) မင်းကုန်းရပ်ကွက်နေထိုင်သူကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ယာဉ်ထိန်းရဲများအား စကေဘာဖြင့်ထိုးသည့်ယာဉ်မောင်းကို အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပင်ရွှေညောင်လမ်းနှင့် လေးထောင့်ကန်လမ်းထောင့် လမ်းလယ်တွင် ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီခွဲက ယာဉ်ထိန်းတာဝန်ထမ်းဆောင်နေသော ရဲတပ်ကြပ် အုန်းကျော်၊ ဒုတိယရဲတပ်ကြပ်နေလင်းအောင်နှင့်ရဲတပ်သား လွင်မျိုးအောင်တို့ကို အရှေ့ပိုင်းခရိုင်(၁၈၇)ယာဉ်လိုင်းမှ ဘီအမ်ယာဉ်မောင်း ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်နေ ခင်မောင်ဌေး(ခ)ရှားစီး(၄၂ နှစ်)က ချလံဖြတ် အရေးယူသည့်ကိစ္စနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ကာ ယင်းနေ့ ၁၀ နာရီခွဲခန့်တွင် လေးထောင့်ကန်လမ်းနှင့် ပင်ရွှေညောင်လမ်းထောင့် လမ်းလယ်၌ ကားရပ်ပြီး ရဲတပ်ကြပ် အုန်းကျော်ကို ခရီးသည်များ၊ ပြည်သူများရှေ့၌ဆဲဆို၍ “ဓားဖြင့်ထိုးသတ်မည်”ဟု ကြိမ်းမောင်းခဲ့သည်။ ထိုသို့ကြိမ်းမောင်းပြီး ကားကိုမောင်းထွက်သွားကာ ညနေ ၃ နာရီခွဲခန့်တွင် ထပ်မံရောက်လာပြီးအသင့်ယူဆောင်လာသည့်စကေဘာဖြင့် လိုက်လံထိုးခဲ့သည်။

ထိုသို့ထိုးသဖြင့် ရဲတပ်ကြပ်အုန်းကျော်တွင် ယာလက်သန်းပြတ်ရှ၊ ရဲတပ်သားလွင်မျိုးအောင်၏ ခါးဝဲဘက်ထိုးသွင်းဒဏ်ရာများရရှိခဲ့သောကြောင့် အရေးယူပေးရန်တိုင်ကြားခဲ့ရာ တာမွေမြို့မရဲစခန်းက အမှုဖွင့်ပြီး ဖမ်းဆီးရမိရေး စုံစမ်းရှာဖွေခဲ့သည်။ စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီတွင် ခင်မောင်ဌေးက ဒဂုံတောင်မြို့မရဲစခန်းသို့ ကိုယ်တိုင်လာရောက်အဖမ်းခံခဲ့သဖြင့် တာမွေမြို့မရဲစခန်းသို့ လွှဲပြောင်းပေးကာ ထိုက်သင့်သည့် ပြစ်ဒဏ်ရရှိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

ဆိုင်ကယ်ကယ်ရီသမားက ခရီးသည်ကို ထိုးနှက်လုယက်

ရန်ကုန် စက်တင်ဘာ ၁၇

မြောက်ဥက္ကလာပမြို့နယ် ခြောက်ကွေ့သို့ သွားရန်အတွက် အမည်မသိအမျိုးသားမောင်းနှင်သော ဆိုင်ကယ်ကယ်ရီအား ငှားရမ်း၍ စီးနင်းလာစဉ် တံတားဖြူအနီးအရောက်၌ ဆိုင်ကယ်မောင်းသူ၏ သူငယ်ချင်းဖြစ်သူ အမျိုးသားက လှမ်းခေါ်ပြီး ၎င်းလည်းဆိုင်ကယ်၏နောက်ဆုံးမှ အတူစီးနင်းလိုက်ပါလာခဲ့သည်။

ထိုသို့ သုံးဦး အတူစီးနင်းမောင်းနှင်လာကြရာ မြောက်ဥက္ကလာပမြို့နယ် အဝိုင်းသို့မရောက်မီ ဝဲဘက်လမ်းကျဉ်းထဲသို့ ဆိုင်ကယ်ကို မောင်းနှင်သွားပြီး နောက်မှ စီးနင်းလိုက်ပါလာသည့် အမျိုးသားက အပေါ့သွားချင်ကြောင်း ပြောသဖြင့် ဆိုင်ကယ်ကိုရပ်ခဲ့ကာ အဆိုပါအမျိုးသားမှ ကိုမင်းသူအောင်အား ဆိုင်ကယ်ပေါ်မှဆင်း၍ ထိုင်ရန်အတင်းပြောဆိုခိုင်းနေစဉ် ဆိုင်ကယ်မောင်းသူကမျက်နှာအား လက်သီးဖြင့် နှစ်ချက်ထိုးပြီးနောက် ကိုမင်းသူအောင်၏ တီရှပ်လက်တိုတစ်ထည်၊ စီဒီခွေခုနစ်ချပ်၊ ငွေကျပ် ၃၀၀၀၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်တို့ထည့်ထားသော အနက်ရောင်ခရီးဆောင်ဘေးလွယ်အိတ်နှင့် ဆင်းကဒ်ပါလက်ကိုင်ဖုန်းတစ်လုံးတို့ကိုလုယူပြီး မောင်းနှင်ထွက်ပြေးသွားကြသဖြင့် ၎င်းတို့နှစ်ဦးအား စုံစမ်းအရေးယူပေးပါရန် မြောက်ဥက္ကလာပမြို့မရဲစခန်းသို့ စက်တင်ဘာ ၁၅ ရက်က လာရောက်တိုင်တန်းခဲ့၍ အမှုဖွင့်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)



ပြည်တွင်းသတင်း

ပဲခူးတွင် လယ်ယာမြေနည်းဥပဒေများစာအုပ် ပေးအပ်လှူဒါန်း

ပဲခူး စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ လယ်ယာမြေဥပဒေနှင့် မြေလွတ် မြေရိုင်းများနှင့် ပတ်သက်သော ဥပဒေများအား သိရှိနားလည်နိုင်စေရန်အတွက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင့်ထံသို့ တိုင်းမြေစာရင်းမှူး ဦးမျိုးဦးက လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ၊ မြေလွတ် မြေလပ်မြေရိုင်း စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေများစာအုပ် အစုံ ၈၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သန့်စင်(ပဲခူး)

ငွေခြည်(၆) ချည်မျှင်ရှည်ဝါ ပွင့်ဖြူ၌ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ စက်တင်ဘာ ၁၇

ပွင့်ဖြူမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ငွေခြည်(၆) ချည်မျှင်ရှည်ဝါစိုက်ပျိုးရန် ပိုးချည်မျှင်ရှည်ဝါ ဧက ၂၇၀၀ လျာထားပြီး စိုက်ပျိုးပြီးဧက ၂၇၃၁ ဧက၊ မိုးနှောင်းချည်မျှင်ရှည်ဝါလျာထားဧက ၄၄၈၀ တွင် စိုက်ပျိုးပြီးဧက ၄၄၉၇ နှင့် ဝါကြီး လျာထားဧက ၁၀၄ ဧကတွင် စိုက်ပျိုးပြီးဧက ၇၀ ဖြစ်၍ လျာထားဧက စုစုပေါင်း ၇၂၈၄ ဧကတွင် စိုက်ပျိုးပြီးဧက ၇၂၉၈ ဧကဖြစ်သဖြင့် လျာထားချက်ကျော်လွန်သဖြင့် ဝါစိုက်တောင်သူကြီးများသည် စက်တင်ဘာ ၁၅ ရက်တွင် စိုက်ပျိုးပြီးကြောင်းနှင့် ရာခိုင်နှုန်းအားဖြင့် ၁၀၀ ဒသမ ၁၉ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန္ဒာဦးက ပြောကြားခဲ့သည်။ **(မြို့နယ်ပြန်/ဆက်)**

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေး

မြင်းမူ စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ရုံးကားကျေးရွာ အုပ်စုလုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးပြီးစီးခြင်းနှင့် ပုံစံ(၇) အတွဲပေါင်း ၁၈၅၁ တွဲ၏ မှတ်ပုံတင်ကြေး ငွေကျပ် ၉၂၅၅၀၀ ကို တာဝန်ကျေပေးသွင်းခြင်းအခမ်းအနားကို မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ စက်တင်ဘာ ၁၆ ရက်က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အဆိုပါ အခမ်းအနား၌ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးသောင်းမြင့်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ၁၈၅၁ တွဲကို ရုံးကားကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်ပြီး ရုံးကားကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌက မှတ်ပုံတင်ကြေးငွေကျပ် ၉၂၅၅၀၀ ကို မြင်းမူမြို့နယ် စီမံခန့်ခွဲမှုဥက္ကဋ္ဌ ဦးသိန်းဇော်ထံ ပေးအပ်ခဲ့သည်။

ယင်းနောက် မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရုံးကားကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ကို ယခုလို သတ်မှတ်ကာလထက်စော၍ တာဝန်ကျေခြင်းကို မှတ်တမ်းတင်ထားရှိပါကြောင်း၊ လျာထားချက် ပြည့်မီကျော်လွန်သည်အထိ အမျိုးသားရေးတာဝန်အဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသွားသည်။

မြင်းမူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက မြင်းမူမြို့နယ်တွင် ပုံစံ(၁)လျှောက်လွှာ ၅၅၃၂၅၊ ၇၈ ရာခိုင်နှုန်းရပြီး ပုံစံ (၇) လုပ်ပိုင်ခွင့်ပြုလက်မှတ် ၂၆၀၃၆၊ ၃၇ ရာခိုင်နှုန်း ထုတ်ပေးပြီး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်(မြင်းမူ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့်အခြေခံစားကုန်ဈေးနှုန်း

၁၇-၉-၂၀၁၃ ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၉၅၀၀၀-၆၅၄၁၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၉၅၅၀၀-၆၅၄၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၃-၁၃၀၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀-၇၇၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၀-၃၁.၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅.၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅-၁၅၈	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၀-၂၉၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၈၀၀-၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၁၇၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၂၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆I၊ မြေကွက်အမှတ် ၁၁၂ A/၁၂A၊ မြေကွက်တည်နေရာအမှတ် (၁၂/က)၊ ကမ္ဘောဇရိပ်သာ၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (ဦးအောင်သန်းနှင့်ဇနီးဒေါ်နု)အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် (ဖခင်)ဦးအောင်သန်း၊ (မိခင်)ဒေါ်နု၊ ဦးမောင်မောင်(သား)၊ ဒေါ်ခင်မြင့်မြင့် (သမီး)၊ ဒေါ်ခင်ကြူကြူ (သမီး)တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်ခင်သန်းနု(ခ)ဒေါ်သန်းနု ၁၂/ဗဟန(နိုင်)၀၁၂၃၃၉၊ (၂) ဦးဘုန်းမြင့် ၁၂/ဗဟန(နိုင်)၀၅၅၈၉၄၊ (၃) ဒေါ်ခင်ကောင်းဆက် ၁၂/ဗဟန(နိုင်)၀၀၁၂၇၅၊ (၄) ဒေါ်ဆွေဇင်မင်းသွင် ၁၂/ရကန(နိုင်)၀၅၉၅၁၀၊ (၅) ဦးမျိုးမင်းသွင် ၁၂/ရကန(နိုင်)၀၆၉၇၁၉၊ (၆) ဒေါ်အေးသကြဲန်သွင် ၁၂/ရကန(နိုင်)၀၆၅၂၂၈တို့မှ သမီး၊ သမက်၊ အမွေမမီ မြေးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဒေါ်ခင်သန်းနုနှင့် ဒေါ်ခင်ကောင်းဆက်ထံမှ စင်ကာပူနိုင်ငံသံရုံး အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၁/၂၀၁၃ (၁၄-၈-၂၀၁၃)၊ ဦးဘုန်းမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၅၃၉/၁၀-၇-၂၀၁၃၊ ဒေါ်ဆွေဇင်မင်းသွင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၇၈၇/၂၆-၇-၂၀၁၃၊ ဦးမျိုးမင်းသွင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၁၆၈/၁၇-၇-၂၀၁၃၊ ဒေါ်အေးသကြဲန်သွင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၇၈၈/၂၆-၇-၂၀၁၃ရရှိသူ ဒေါ်နှင်းလွှာနု ၁၂/ဗဟန(နိုင်)၀၇၅၈၇၄တို့မှ ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဘာရှား(ခ)မောင်ဇော်ဝင်း PGU-324286 သည် မိဘကို စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒနှင့် ၅-၉-၂၀၁၃ရက်က အိမ်ပေါ်မှဆင်းသွားပါသဖြင့် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မညွန့်ညွန့်
အမှတ် ၁၄၇၊ ဗိုင်း/မြောက် ၄ လမ်း၊ ပဲခူးမြို့

အိမ်ရောင်းရန်ရှိသည်

ခရေပင်ရိပ်မွန်(၃) မင်္ဂလာဒုံ၊
Row House
ပန်းခရေလမ်း၊ လမ်းမတန်း
(အဝေးပြေးနီး)
ဖုန်း-၀၉-၅၀၀၃၂၉၉၊ ၀၁-၆၃၇၀၄၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ဦးလူကလေးလမ်း၊ အမှတ် ၁၄/ဘီ၊ အကျယ်အဝန်း(၁၂½ပေ× ပေ ၅၀)ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့်တကွ ယင်းနှစ်ထပ်တိုက်နှင့်ပတ်သက်သော ရေမီးအစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်ခွင့်ရှိသူများထံမှ ကျွန်ုပ်မိတ်ဆွေ ဦးထင်အောင်စိုး ၇/ဝမန(နိုင်)၀၀၀၇၇၂ သည် လက်ရောက်ဝယ်ယူလျက် အမည်ပေါက်ပိုင်ဆိုင်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော သက်သေခံစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြတ်မြတ်စိုး (စဉ်-၇၄၆၇) တရားလွှတ်တော်ရှေ့နေ
အမှတ် ၇၁၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်၊ ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ဆောင်းပါးနှင့်ဆောင်းပါး

အစာလည်းဆေး ဆေးလည်းအစာ

(လပြည့်သော်တာ)

ကျွန်ုပ်တို့နေ့စဉ်စားသုံးနေသော အစားအစာများတွင် အာဟာရမျှတစေရေးအတွက် သဘာဝအလျောက် ထိန်းညှိပြီးသား ဖြစ်နေသည်ကို တွေ့ရသည်။ သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ စားသုံးနေကျဖြစ်သော အစားအစာများသည်လူသားတို့နေ့စဉ်ဘဝတွင်အရေးပါသည်ကိုတွေ့ရသည်။

ချင်း(ဂျင်း)

အိန္ဒိယနိုင်ငံမှ ပညာရှင်များ၏ လေ့လာမှုများအရ ချင်း(ဂျင်း)သည် ခေါင်းကိုက်ခြင်း၊ကြွက်သားနာကျင်ခြင်း၊ အဆစ်အမျက်ကိုက်ခဲခြင်း၊ ထိခိုက်မှုကြောင့် ခါးနာခြင်းစသော နာကျင်ကိုက်ခဲမှုများကို သက်သာစေပါသည်။ ကြိတ်ထားသောချင်း လက်ဖက်စားဇွန်းတစ်ဇွန်း သို့မဟုတ် လှီးထားသော ချင်းသုံးပြားကို နေ့စဉ်ဟင်းချက်ရာတွင် ထည့်ချက်စားလျှင် နှစ်ပတ်အတွင်း ကိုက်ခဲနာကျင်မှုများသိသိသာသာ လျော့နည်းကြောင်း သိရသည်။

နနွင်း

နနွင်း၏ အရသာနှင့် အရောင်အဆင်းသည် ရိုးရာဟင်းပွဲများတွင် အရေးပါသော ဟင်းခတ်အမွှေးအကြိုင်ဖြစ်သည်။ စမ်းသပ်မှုအရ နနွင်းတွင် ကင်ဆာရောဂါများကို တွန်းလှန်နိုင်သော ဓာတ်ပစ္စည်းအများအပြားပါဝင်သည်။ နနွင်းမှုန့်ကို နေ့စဉ်ချက်သော ဟင်းများတွင်ထည့်ခတ်ခြင်းဖြင့် အူသိမ်၊ အူမကြီးရောင်ရမ်းခြင်း၊ အဆစ်အမျက်ကိုက်ခဲခြင်းနှင့် ရောဂါအမျိုးမျိုးတို့ကို သက်သာစေကြောင်း သိရသည်။

ကြက်သွန်ဖြူ

ကြက်သွန်ဖြူကို နေ့စဉ်စားသုံးပေးပါက ဗီတာမင်အေ၊ ဘီနှင့်စီဓာတ်များ ပြည့်ဝစွာ ရရှိမည်ဖြစ်သည်။ အစာအိမ်ကင်ဆာဖြစ်ပွားမှု ကာကွယ်နိုင်သည့်အပြင် နှလုံးသွေးကြောဆိုင်ရာစနစ်ပိုမိုကောင်းမွန်စေရန် အထောက်အကူပြုခြင်း၊ သွေးတွင်းခဲပျစ်ပိတ်ဆို့မှုအန္တရာယ်ကို ထိရောက်စွာ ကာကွယ်နိုင်ခြင်း၊စိတ်ဖိစီးမှုလျော့ကျစေခြင်း၊လေးလံထိုင်းမှိုင်းခြင်းကိုလျော့ကျစေခြင်း၊ အသက်ရှူရှိုက်မှုတိုတောင်းခြင်းနှင့် အစာလမ်းကြောင်းတွင် လေထခြင်းကို ထိန်းညှိပေးခြင်း၊ အအေးမိရောဂါ၊ တုတ်ကွေးရောဂါနှင့်ကပ်ပါးဆိုင်ရာ ရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သည်။ ထင်ပေါ်ကျော်ကြားသည့် အာယု ဗေဒပညာရှင် ဘာဘက်(Bebhet)က ကြက်သွန်ဖြူသည် နှလုံးအတွက် ကောင်းကျိုးပြုသည်။ ဆံပင်အတွက် အာဟာရကောင်းမွန်စေသည်။ အစား စားချင်စိတ်ကို နှိုးဆွပေးသည်။ ခွန်အားကိုဖြစ်စေသည်။ သမင်ဖြူ၊ အနာကြီး၊ လိပ်ခေါင်း၊ သန်း၊ နှာစေးချောင်းဆိုး၊ ပန်းနာရင်ကျပ်ရောဂါတို့ကို သက်သာပျောက်ကင်းစေသည်ဟုဆိုပါသည်။ ကြက်သွန်ဖြူသည် အစိမ်းတိုင်းဖြစ်စေ၊ ချက်ပြုတ်၍ ဖြစ်စေ၊ စားသုံးခြင်း၌ အာနိသင်အလွန်ကွာခြားခြင်းမျိုးမရှိချေ။ ပုံမှန်အားဖြင့် တစ်နေ့လျှင် နှစ်မြွှာမှ သုံးမြွှာအထိ စားပေးခြင်းဖြင့် သွေးတိုးနှုန်းကို ထိန်းသိမ်းထားနိုင်ပါသည်။ လေသလပ်ထားပြီး အောက်ဆီဂျင်နှင့်ထိတွေ့ထားသော ကြက်သွန်ဖြူသည် ရောဂါကို ကာကွယ်ပေးနိုင်သည့်ဒြပ်ပေါင်းများပိုမိုထွက်ပေါ်လာနိုင်စေပါသည်။

ကြက်သွန်နီ

ကြက်သွန်နီတွင် ပရိုတိန်းဓာတ် အသင့်အတင့်ပါဝင်ပြီး ကယ်လ်စီယမ်နှင့် ရီဘိုဖလာဗင်(Revoflavin)ဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ ကြက်သွန်နီတွင် ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် ကင်ဆာဆဲလ်များကို အားပေးသော အင်ဇိုင်းများကို တားဆီးပေးသည်။ ဦးနှောက်အတွင်းသွေးခဲမှုကိုဟန့်တားပေးခြင်းနှင့်ကြက်သွန်နီကိုစားခြင်းကြောင့်လေဖြတ်ခြင်းကို ကာကွယ်နိုင်ကြောင်း သိရသည်။ ဗက်တီးရီးယားပိုး၊ ဗိုင်းရပ်စ်ပိုးအချို့ကို ကာကွယ်နိုင်ပြီး အရိုးပျော့ခြင်းနှင့် အရိုးအားနည်းခြင်းတို့ကို ကာကွယ်နိုင်သည်။ ဟားဗတ် တက္ကသိုလ်မှ Dr.Victor Gureuichကနှလုံးသွေးကြောရောဂါရှိသည့် လူနာများအား နေ့စဉ် ကြက်သွန်နီစားသုံးရန် ညွှန်ကြားလေ့ရှိကြောင်း သိရသည်။ ကြက်သွန်နီ အစိမ်းကို တစ်နေ့လျှင် ဥတစ်ဝက်နီးပါး စားသင့်ပါသည်။ စားသလောက်ပမာဏသည်ကောင်းမွန်သော ကိုလက်စထရောကို မြင့်မားစေရန်အထောက်အကူဖြစ်ကြောင်း သိရသည်။ ကြက်သွန်နီ ၁၀၀ ဂရမ်သည် သွေးတွင်း အဆီဓာတ်ကို လုံးဝနီးပါးချေဖျက်နိုင်ကြောင်း တွေ့ရှိရသည်။

ငရုတ်သီး

ငရုတ်သီးတွင် ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်သော ဒြပ်ပေါင်းများစွာ ပါဝင်သောကြောင့် တစ်နေ့လျှင် ငရုတ်သီးအစိမ်းမှုန့် လက်ဖက်ရည်ဇွန်း တစ်ဝက်ခန့် ဟင်းတွင်ထည့်ချက်စားရုံဖြင့် တစ်လတွင်းကိုယ်အလေးချိန် နှစ်ပေါင်ခန့် လျှော့ချနိုင်ကြောင်း သုတေသနများတွင် တွေ့ရှိရသည်။ ပူစပ်သော ငရုတ်သီးမှုန့်များသည်အားကောင်းသောသွေးကြောပျစ်ခဲပိတ်ဆို့မှုကို တားဆီးပေးရာတွင် အလွန်ထိရောက်မှုရှိပါသည်။ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ်မှ စိတ္တဗေဒပညာရှင် ဒေါက်တာပေါလ်ရိုဇင်(Dr.Paul Rozin)သည် ငရုတ်သီးမှုန့်နှင့်ပတ်သက်၍ သုတေသနပြုလုပ်ခဲ့ရာတွင် ပူစပ်စေသည့် ကပ်ပ်ဆိုင်စင် ဓာတ်ပါဝင်ပြီး ဦးနှောက်မှ အင်ဒိုဖင်ဓာတ်များ (Endorphins)ကို အမြန်ထွက်စေ၍ စိတ်ခံစားမှုတိုးမြင့်ရကြောင်း ဖော်ထုတ်တင်ပြပေးခဲ့ပါသည်။ မြောက်ကယ်ရိုလိုင်း နားမှပညာရှင်များ၏ လေ့လာမှုများအရ ငရုတ်သီးပွဖြင့် နာတာရှည်ရောဂါတွင် ရောင်ရမ်းမှုမဖြစ်အောင် ကာကွယ်ခြင်းနှင့်နောက်ဆက်တွဲဖြစ်လာသော အရေပြားတွင် အနီစက်ထွက်ခြင်း၊ အရိုးအဆစ်ရောင်ရမ်းခြင်း၊ ဆီးချိုသွေး ချိုရောဂါများနှင့် အယ်လ်ဇိုင်းမားရောဂါများကို မဖြစ်အောင်ကာကွယ်နိုင်သည်ဟု သိရသည်။

ဆား

ဆားသည်အစားအသောက်များကို မပုပ်မသိုးအောင်နှင့် ကြာရှည်ခံနိုင်စေရန်အတွက် အရေးပါသောပစ္စည်းဖြစ်သည်။ ဆားတွင်လူအပါအဝင် သက်ရှိသတ္တဝါများ အသက်ရှင်ရန်အတွက် လိုအပ်သောကလိုရိုက်နှင့် ဆိုဒီယမ်အိုင်းယွန်းဓာတ်များ ပါဝင်သည်။ အစာကိုချေဖျက်ရန် ဟိုက်ဒရိုကလိုရစ်အက်စစ်နှင့် ခန္ဓာကိုယ်အတွင်း ရေကိုလည်ပတ်ရန် လုပ်ဆောင်ရာတွင် ပါဝင်သည်။ လူတစ်ဦးအတွက် တစ်နေ့တာ လိုအပ်သော ဆားပမာဏသည် အသက်အရွယ်အလိုက် တစ်ထောင့်ငါးရာမီလီဂရမ်မှ နှစ်ထောင့်သုံးရာမီလီဂရမ်မျှသာ ဖြစ်သည်ဟု သိရသည်။

ထို့ကြောင့် ကျွန်ုပ်တို့နေ့စဉ်ချက်ပြုတ်စားရာတွင် ဟင်းခတ်ပစ္စည်းအဖြစ် ထည့်သွင်းချက်ပြုတ်သောပစ္စည်းများသည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေကြောင်း မှတ်သားမိသမျှ ဝေမျှလိုက်ရပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၁

ဦးစိုင်းလုံ(ခ)ဦးအိုက်လုံ	**နှင့်**	ဦးဘိုစော
(၎င်း၏အထွေထွေကိုယ်စားလှယ်		ဒုတပ်ကြပ်(ကိုယ်ပိုင်အမှတ် ၅၃၃၉၈၁)
စာရသူ ဦးတင်ဝင်းထွဋ်)		ခလရ(၉၆)၊ ပုသိမ်ကြီးမြို့။
တရားလို		**တရားပြိုင်**

ပုသိမ်ကြီးမြို့၊ ခလရ(၉၆)နေ ဦးဘိုစော၊ ဒုတပ်ကြပ်(ကိုယ်ပိုင်အမှတ် ၅၃၃၉၈၁) (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းလုံ(ခ)ဦးအိုက်လုံက မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးစိုးဝင်း
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ကွင်းအမှတ် ၅၃၂-၉/၈၊ မှန်နီဇလုပ်တောင်၊ ဦးပိုင်အမှတ် N/၁၆ နှင့် ကွင်းအမှတ် ၅၃၄-A၊ သဃ်န်းကျွန်းအနောက်၊ ဦးပိုင်အမှတ် ၁၅/၅ ခြံမြေနှစ်ကွက်ကို အရောင်းအဝယ်စာချုပ်များဖြင့် လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၂/လသန(နိုင်)၀၀၀၁၇၂ နှင့် ဒေါ်တင်တင်အေး ၁၂/လသန(နိုင်)၀၀၀၁၇၃တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ခြံမြေဖိုးတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည့်တိုင် ကန့်ကွက်သူများမရှိပါက ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်အတည်ပြုချုပ်ဆိုသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ငွေ	**ဒေါ်ခင်ဝင်းဖြူ**	**ဒေါ်ဝင်းဝင်းခိုင်**
B.A(Eng)., R.L	**LL.B.,D.B..L**	**LL.B**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**
(၂၄၂၅)	**(၂၆၁၃၆)**	**(၃၂၀၅၅)**

အမှတ် ၄၆(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၂

ဦးစိုင်းလုံ(ခ)ဦးအိုက်လုံ	**နှင့်**	ဦးလှကြည်
(၎င်း၏အထွေထွေကိုယ်စားလှယ်		ဒုအရာခံဗိုလ်(ကိုယ်ပိုင်အမှတ် ၁၀၀၉၄၁)
စာရသူ ဦးတင်ဝင်းထွဋ်)		ခလရ(၄)၊ ပုသိမ်ကြီးမြို့။
တရားလို		**တရားပြိုင်**

ပုသိမ်ကြီးမြို့၊ ခလရ(၄)နေ ဦးလှကြည်၊ ဒုအရာခံဗိုလ် (ကိုယ်ပိုင်အမှတ် ၁၀၀၉၄၁) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုင်းလုံ(ခ)ဦးအိုက်လုံက မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးစိုးဝင်း
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၃

ဒေါ်လီလီမြင့်	**နှင့်**	ဦးမောင်ညဏ်
(၎င်း၏အထွေထွေကိုယ်စားလှယ်		ဒုတပ်ကြပ်(ကိုယ်ပိုင်အမှတ် ၂၆၇၀၅၃)
စာရသူ ဦးတင်ဝင်းထွဋ်)		ခလရ(၉၅)၊ အောင်မြေသာစံမြို့နယ်။
တရားလို		**တရားပြိုင်**

အောင်မြေသာစံမြို့နယ်၊ ခလရ(၉၅)နေ ဦးမောင်ညဏ်၊ ဒုတပ်ကြပ် (ကိုယ်ပိုင်အမှတ် ၂၆၇၀၅၃) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လီလီမြင့်က မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၃၀ရက် (၁၃၇၅ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် စက်တင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးစိုးဝင်း
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ဦးကံငွေ ၁၃/ကတန(နိုင်)၀၀၄၁၆၀
တိုက်ခန်း ၂၊ အခန်း(A)၊ ပိန္နဲကုန်းလမ်း၊ ကန်တော်ကလေး၊ ရန်ကုန်မြို့နေသူနှင့်
အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါနေရပ်တွင် နေထိုင်သူ ဦးကံငွေနှင့် ဒေါ်ခင်နီလာအေး ၉/မရမ(နိုင်)၀၆၇၁၆၆ မန္တလေးမြို့နေထိုင်သူတို့သည် ၇-၁၁-၁၉၉၉ရက်တွင် နှစ်ဦးသဘောတူ ပိန္နဲကုန်းရပ်ကွက်ရုံးတွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး ယခုအခါတွင် မခင်ဖြူစင်သန့် (၉)နှစ်အရွယ်သမီးကလေးတစ်ဦး ရရှိခဲ့ပါသည်။ ဦးကံငွေနှင့် မခင်နီလာအေးတို့နှစ်ဦး အတူပေါင်းသင်းစဉ်က အောက်ဖော်ပြပါ လက်ထက်ပွားပစ္စည်းများ ရရှိပိုင်ဆိုင်ခဲ့ကြပါသည်။

(၁) ရန်ကုန်မြို့၊ ဘုရင့်နောင်တာဝါ ၂၊ ခုနစ်လွှာရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်း။
(၂) ကန်တော်ကလေး၊ ပိန္နဲကုန်းရပ်ကွက်ရှိ တိုက်အမှတ် ၂၊ အခန်း(A)၊ မြေညီထပ်တိုက်ခန်းတစ်ခန်း၊
(၃) ကမာရွတ်မြို့နယ်၊ ဆင်မလိုက် ၇ လမ်း၊ လေးလွှာရှိတိုက်ခန်းနံပါတ် ၃၀၄။
(၄) မန္တလေးမြို့၊ ၃၃×၃၄လမ်းကြား၊ ၇၉-၈၀လမ်းကြား၊ အိမ်အမှတ်(၂၃၈/၁၀) ခရစ်ယာန်သာသနာပိုင်မြေပေါ်ရှိ လူနေအိမ်ဝိုင်းတစ်ဝိုင်း။
(၅) ဒက်လီကာ လိုက်ထရပ်ယာဉ်အမှတ် ၄၀/၉၂၆၂ လိုက်ထရပ်ကား တစ်စီးနှင့် မော်တော်ဆိုင်ကယ် ၂၀ယ/၄၃၂၀၀ တစ်စီး။
(၆) AD ဗင်ကား ၄၀/၁၁၄၅ အား ရောင်းချပြီး ငွေကျပ်သိန်းတစ်ရာ။
(၇) ကားအရောင်းအဝယ်ပြုလုပ်ရန်အတွက် ရင်းနှီးမတည်ငွေကျပ် သိန်းသုံးရာတို့ကို အတူပိုင်ဆိုင်ကြပါသည်။

ဖော်ပြပါပစ္စည်းများကို ဦးကံငွေနှင့် ဒေါ်ခင်နီလာအေးတို့ အတူပိုင်ဆိုင်ကြသဖြင့် ဒေါ်ခင်နီလာအေး၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်း စသည့် တစ်နည်းနည်းလွှဲပြောင်းဆောင်ရွက်ခြင်း မပြုကြပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တည်ဆဲပြဋ္ဌာန်းထားသောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်နီလာအေး	**ဦးတိုး**
၉/မရမ(နိုင်)၀၆၇၁၆၆	**LL.B, Dip in Business Law, C.A.B.L**
	တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၄၂/၈၆)
	အကွက်(ဏ-၁/၄၆)၊ စွယ်တော်လမ်းနှင့်သရဖီလမ်းကြား၊
	၆၄×၆၅လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊
	မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၂၉၀၀၄၊ ၀၉-၅၁၂၇၀၄၈

မှုခင်းသတင်းနှင့်ကြော်ငြာ

ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် လေးဦးသေဆုံး

သရက်ချောင်း စက်တင်ဘာ ၁၇

တနင်္သာရီ တိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျောက်မြောင်းရပ်ကွက်(၁၆/၁)မိုင်တိုင်အနီး၌ စက်တင်ဘာ ၁၄ရက် ညနေ ၃ နာရီခွဲက မော်ရှည်ကုန်းရပ်ကွက် မြင်းခါးတောင်ဘုန်းကြီးကျောင်းမှပြန်လာသည့်ယောဂီဝတ်စုံဖြင့်အမျိုးသမီးသုံးဦးစီးလာသော၉ယ/... ဆိုင်ကယ်ကို သရက်ချောင်းမြို့ရေတံခွန်မှ ပြန်လာသည့်အမျိုးသားနှစ်ဦးစီးလာသော ဆိုင်ကယ် ၃၄ယ/... သည် အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်ခဲ့ရာ အခင်းဖြစ်သည့်နေရာတွင်အမျိုးသား တစ်ဦး၊ အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။ ကျန်လူနာများကို သရက်

ချောင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်တာဝန်သိပြည်သူများသည်သရက်ချောင်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ဆေးရုံတွင် အမျိုးသမီးနှစ်ဦးထပ်မံသေဆုံးခဲ့သည်။ ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိနေသော အမျိုးသားတစ်ဦးကို ထားဝယ်မြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ပေးခဲ့သည်။

စုံစမ်းစစ်ဆေး

သေဆုံးသူအမျိုးသမီးသုံးဦးမှာ ပန်းတောရပ်ကွက်မှ ဒေါ်ငွေရီ (၅၈နှစ်)၊ မမီးငယ် (၃၃နှစ်)၊မမီးအေး (၄၃ နှစ်)တို့နှင့်သေဆုံးသူ အမျိုးသားတစ်ဦးမှာ ဥတ္တုကျေးရွာမှ မောင်ဖိုးထော်ကျောက် (၂၁နှစ်) ဖြစ်ပြီး ထားဝယ်မြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသခံယူနေသူမှာ မောင်ကျော်စွာထိုက် (၂၀ နှစ်) ဖြစ်သည်။ အခင်းဖြစ်သည့်ကိစ္စနှင့်ပတ်သက်၍ သရက်ချောင်း မြို့မရဲစခန်းမှ စုံစမ်းစစ်ဆေး အရေးယူလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

ဉာဏ်ဝင်း

ဆိုင်ကယ်စီးလာသူအမျိုးသားသုံးဦးနှင့်အတူ မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ဗန်းမော် စက်တင်ဘာ ၁၇

ဗန်းမော်မြို့နယ် မူးယစ်(အထူး)တပ်ဖွဲ့မှ ရဲအုပ်အောင်မြတ်ကျော်နှင့် အဖွဲ့ စက်တင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီခွဲက ကမ္ဘာနီကျေးရွာ ငါးမိုင် သံတံတားထိပ်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ်မံရွတ်ကျေးရွာ ဘက်မှ ဗန်းမော်ဘက်သို့ တင်မိုးနိုင်မောင်းနှင်လာပြီးဇော်လင်းနှင့် နေလင်းညို တို့ စီးနင်းလိုက်ပါလာသည့် Yin Zing 125 အမျိုးအစား ဆိုင်ကယ်အစိမ်းပုပ်ရောင်ကို ရပ်တန့်စစ်ဆေးရာ နေလင်းညို၏ ဝဲဘက်လက်ထဲမှ Red Ruby စာတန်းပါစီးကရက်ဘူးခွံဟောင်းထဲတွင် အဖုံးပိတ်ပင်နီဆီလင် တစ်လုံးအတွင်း၌ ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့်အလေးချိန် ၀ ဒသမ ၂ ဂရမ်ခန့်ရှာဖွေတွေ့ရှိသဖြင့် တင်မျိုးနိုင် (၂၀ နှစ်) မင်းလှကျေးရွာ ဗန်းမော်မြို့နယ်၊ နေလင်းညို (၁၈နှစ်) မင်းလှကျေးရွာ၊ ဇော်လင်း(၁၈ နှစ်) နောင်ခိုရပ်ကွက် ဗန်းမော်တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

ဖြူးမြို့တွင် အမျိုးသမီး နှစ်ဦး ရေနစ်သေဆုံး

ဖြူး စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးမြို့မရဲစခန်းအပိုင် လိပ်သေကျေးရွာအုပ်စု ကွာလီအနောက်ရွာအနီးရှိ ဆည်မြောင်းရေပေးဝေသော လက်ယာတူးမြောင်းအတွင်း တစ်ရွာတည်းနေ အမျိုးသမီးနှစ်ဦး ရေနစ်သေဆုံးသွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဖြူးမြို့မရဲစခန်းတွင် ဒုရဲအုပ်သိန်းဇော်မြင့် တာဝန်မှူး တာဝန်ထမ်းဆောင်လျက်ရှိစဉ် လိပ်သေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက ကွာလီအနောက်ရွာအနီးရှိ ဆည်မြောင်းရေပေးဝေသော တူးမြောင်းအတွင်း အမျိုးသမီးနှစ်ဦး ရေနစ်သေဆုံးနေကြောင်း စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက သတင်းပေးပို့သဖြင့် ဖြူးမြို့မရဲစခန်းမှတာဝန်မှူး ဒုရဲအုပ်သိန်းဇော်မြင့်နှင့်ရဲတပ်ဖွဲ့ဝင်များက သက်သေ လိပ်သေကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် လိပ်သေအုပ်စု ကွာလီအနောက်ရွာနေ မသန္တာမြင့် (၁၆ နှစ်)နှင့်မဖြူနှင်း (၂၂ နှစ်)၊ တစ်ရွာတည်းနေ မသီတာမျိုးတို့သည် ရွာအနောက်ဘက်ရှိ စပါးစိုက်လယ်ကွက်တွင် ပေါင်းမြက်နုတ်ပြီး မွန်းတည့် ၁၂ နာရီခန့်တွင် ဆည်မြောင်းဘောင်အတိုင်းရွာသို့ ပြန်လာကြရာ တူးမြောင်း၌ ငါးထောင်ထားသော ပိုက်ကိုတွေ့ရှိသဖြင့် မဖြူနှင်းက ရေစပ်တွင် ဆင်းဖော်ရာမှ ၁၂ ပေခန့်အနက်ရှိသည့် တူးမြောင်းအတွင်း ပြုတ်ကျသွားသဖြင့် အတူလာသူ မသန္တာမြင့်က ဆွဲယူဆယ်တင်ရာမှ ၎င်းပါ ပြုတ်ကျပြီး ရေနစ်သေဆုံးသွားကြောင်း အတူသွားပြီး ကျန်ရစ်သူ မသီတာမျိုးက ပြောကြားသည်။

ဖြူး(မြင့်ဦး)

မိသားစုစကားဝိုင်းဖွဲ့နေစဉ် မိုးကြိုးပစ်

ကျောက်တံခါး စက်တင်ဘာ ၁၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ထီးလပ်ကျေးရွာအုပ်စု ထီးလပ်ကျေးရွာမြောက်ဘက် သုံးဖာလုံအကွာ ကွင်းအမှတ်(၈၀)တွင် စက်တင်ဘာ ၁၂ ရက် ည ၇ နာရီခွဲက လေပြင်းတိုက်ခတ်မိုးရွာသွန်း၍ မိုးကြိုးပစ်သဖြင့် မိသားစုစကားဝိုင်းထဲမှ ဦးကျော်ဝင်း(ခ)ဦးသန်း(၅၀နှစ်)နှင့်သမီးဖြစ်သူ မကြူမာထွေး (၁၄ နှစ်)တို့နေရာတွင်သေဆုံး၍ ဇနီးဖြစ်သူ ဒေါ်မြကြည်၊ သားမောင်မင်းထွေး (၁၈ နှစ်)ဝဲဘက် မျက်စိသွေးခြေတန်း၊ ဒေါ်မြကြည် မျက်နှာနှင့်လက်နှစ်ဖက် မီးလောင်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဗိုလ်သိန်း(ဖဒို)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်း၊ တိုက်(၄) အခန်း(၄၂)၊ မလိခအိမ်ရာဟုခေါ်တွင်သော တိုက်ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်ဆက်စပ်တည်ရှိသော ပစ္စည်းအရပ်ရပ်၏ အကျိုးခံစားခွင့်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးကျော်စွာထွန်းမြင့် ၁၂/ဥကတ(နိုင်)၀၀၇၃၀၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမောင်မောင်စိုး အထက်တန်းရှေ့နေ
ဦးစိုးသိန်း တရားလွှတ်တော်ရှေ့နေ
ဦးညီညီစိုး အထက်တန်းရှေ့နေ

အဓိပတိ Laws Firm
အမှတ် ၅၅၊ အခန်း(၄)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၆၁၃၁၈၊ ၀၉-၇၃၀၂၁၆၈၄၊ ၀၉-၇၃၁၇၃၉၆၃

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-စီ)၊ မြေကွက်အမှတ် ၈L/၂ ၊ မြေကွက်တည်နေရာအမှတ်(၆)၊ အေးသာယာလမ်းဟုခေါ်တွင်သော ဧရိယာ ၀ဒသမ ၂၃၇ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ဦးခိုင်သန်း ၁၂/တမန(နိုင်)၀၃၂၁၅၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် ကျွန်ုပ်တို့ထံ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် (LL.B) (စဥ်-၂၂၇၄၇) **ဦးအောင်ဖြိုးလတ် (LL.B) (စဥ်-၃၃၀၆၃)**
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၁၊ မြေကွက်အမှတ် ၄၆၁၊ မြေကွက်တည်နေရာအမှတ် ၄၆၁၊ ရွှေဖီခိုင်ညာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးသောင်းတင် CJ-၀၃၃၈၃၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသောင်းတင်(လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ဒေါ်ညွန့်ညွန့် ၁၂/မရက(နိုင်)၀၇၃၇၈၅က တစ်ဦးတည်းသောညီမတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၆၆၊ မြေကွက်တည်နေရာအမှတ် ၆၆၊ ရဲသူရလမ်းနှင့် ဦးဘဝင်းလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးကျော်သန်း KLO-၀၀၁၀၆၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်သန်းကွယ်လွန်သဖြင့် ဒေါ်တင်ရီ(ခ)ဒေါ်တင်တင်ဝင်း ၁၂/ကတတ(နိုင်)၀၂၄၇၇၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၀၀၈/၁၃ (၄-၇-၁၃)ဖြင့် ဦးအောင်စိုးထွန်း ၅/ထခန(နိုင်)၀၄၆၈၈၈က ကိုယ်စားလှယ်ရယူ၍ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် အဆင့်မြင့်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈ U9၊ မြေကွက်အမှတ် ၁၁၂၊ ၁၁၃၊ ဧရိယာ ၀ဒသမ ၂၄၆ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်နေထိုင်သူများဖြစ်သော ဦးပိုက်ထွေးနှင့် ဒေါ်ဖြူဖြူကြည်တို့ထံမှ ကျွန်မ၏မိတ်ဆွေသည် အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းချသည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပထမအရစ်စရန်ငွေအဖြစ် ပေးချေ၍ **မြေကွက်နှင့် အဆောက်အအုံအရောင်းအဝယ် အရစ်ကျစနစ်ဖြင့် ငွေပေးချေခြင်းကတိစာချုပ်**ကို ပြုလုပ်ချုပ်ဆိုထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အဆောက်အအုံနှင့်ပတ်သက်၍ သက်ဆိုင်သူ၊ အကျိုးခံစားခွင့်ရှိသူများရှိပါက ခိုင်လုံသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်လှတင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဥ်-၇၆၅၄)
အမှတ် ၈၅ (မြေညီထပ်)၊ ၃၇ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၉၂၀၉၀၊ ၀၁-၅၇၂၆၈၁၊ ၀၉-၅၀၂၁၂၄၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ဉာဏရပ်ကွက်၊ ငုဝါလမ်း၊ မြေကွက်အမှတ်(၁၃၈-အေ)၊ အလျား ၇၅ပေ×အနံပေ ၁၅၀ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင်ထံမှ ဝယ်ယူပိုင်ဆိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းဝင်း ၁၂/လမန(နိုင်)၀၇၆၁၈၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မိုးမိုးအောင် LL.B အထက်တန်းရှေ့နေ (စဥ်-၂၃၁၂၃)
ဦးဟန်ဇော်လင်း (LL.B, D.B.L) အထက်တန်းရှေ့နေ (စဥ်-၄၀၄၅၁)
ဖုန်း-၀၉-၇၃၁၀၆၃၂၄၊ ၀၉-၃၁၁၆၃၂၄၇
အမှတ်(၃၁/၃၃)၊ စတုတ္ထထပ်၊ (၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်(၂) ကွင်းအမှတ်- ၅၁၁(ခ) နှင့် ၅၁၃(က) အကွက်အမှတ်- ၂၁၇ ၊ ဧရိယာ (၅)ဧကရှိ စိုက်ပျိုးရေးမြေကွက်၏ တရားဝင်အမည်ပေါက် ဒေါ်နီလာရီ၊(၁၂/ဥကမ(နိုင်)၁၅၉၄၉၅)အမည်မှ ဒေါ်ခင်ဝါဝါအေး (၁၂/ဥကတ(နိုင်)၀၅၁၆၄၃)အမည်သို့ အမည်ပြောင်းလုပ်ကိုင်ခွင့်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် အထူးဇုန်(၂) ကြီးကြပ်ရေးကော်မတီထံတွင် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အမည်ပြောင်းခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝါဝါအေး
၁၂/ဥကတ(နိုင်)၀၅၁၆၄၃

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁/က)၊ အလျားပေ ၆၀×အနံပေ ၂၀၊ မြေဧရိယာ စတုရန်းပေ(၁၂၀၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်၏ မခွဲမစိတ်ရသေးသော ခြေရင်းဘက်အခြမ်း၊ အလျားပေ ၆၀×အနံ ၁၀ပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄/ကေတုမာလာ)ရပ်ကွက်၊ သိဒ္ဓိလမ်း၊ အမှတ်(၁/က)ဟုခေါ်တွင်သည့် အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်မိတ်ဆွေ ဦးကျော်မြင့် ၁၂/ဥကတ(နိုင်)၀၃၇၅၈၀၏ မိခင် ဒေါ်တင် (AA-၁၀၃၉၃၅) အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဖခင် ဦးညွန့်ဆောင်နှင့် မိခင် ဒေါ်တင်တို့မှာ ကွယ်လွန်ခဲ့ပြီးဖြစ်၍ အထက်ပါမြေနှင့်အိမ်မှာ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ မိဘနှစ်ပါးမှမွေးဖွားခဲ့ကြသည့် သားသမီးများဖြစ်ကြသော ဒေါ်ခင်ဝင်း၊ ဒေါ်ခင်ခင်အေး၊ ဒေါ်တင်တင်အေး၊ ဦးကျော်ညွန့်နှင့် ဒေါ်မိမိမော် စသည့် သားသမီး ငါးဦးတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။ အစ်မကြီးဖြစ်သူ ဒေါ်ခင်ဝင်းက ၃၁-၁၀-၂၀၀၂ရက်၌ စွန့်လွှတ်စာချုပ်ချုပ်ဆိုပြီး ၎င်း၏ပိုင်ဆိုင်မှုအားလုံးကို စွန့်လွှတ်ပြီး မောင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မြင့်အား အပြီးအပိုင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထို့ပြင် အထက်ပါအမွေဆိုင်အိမ်နှင့်မြေအား မောင်နှမအားလုံး သဘောတူ ကာလပေါက်ဈေး ကျပ်သိန်း ၄၀ သတ်မှတ်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မြင့်က ဒေါ်ခင်ခင်အေး၊ ဒေါ်တင်တင်အေးနှင့် မမိမိမော်တို့၏ အထက်ပါအမွေဆိုင်အိမ်နှင့်မြေပေါ်မှ ၎င်းတို့၏အမွေဝေစုအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၁-၆-၂၀၀၃ရက်၌ အရောင်းအဝယ်စာချုပ်ဖြင့် တစ်ဦးလျှင် ငွေကျပ်ရှစ်သိန်းစီ ပြန်အမ်းကာ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ပါမြေနှင့်အိမ်တို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်မြင့်တစ်ဦးတည်းသာပိုင်ဆိုင်ပြီး အခြားမောင်နှမများနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမြင့်သန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်-၃၀၇၇/၈၅)
အမှတ်(၉၁၈/က)၊ အင်းဝ(၈)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ အထူးဇုန်(၁)ရှိ အကွက်အမှတ်ရှေ့ပြေး ၉၀ စိုက်ပျိုးမြေအား မူလပိုင်ရှင် ဦးကျော်ကျော်ဦး ၁၂/ကမရ(နိုင်)၀၅၄၄၈၂ထံမှ ကျွန်တော်ဦးစိုးမြင့် ၁၂/အစန(နိုင်)၁၆၃၅၈၅က အပြီးအပိုင်ဝယ်ယူထားရှိပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် အမည်ပြောင်းလဲဆောင်ရွက်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံနှင့် အောက်ပါလိပ်စာများအတိုင်း ကန့်ကွက်နိုင်ပါသည်။

ဦးကျော်သန်း
ဥက္ကဋ္ဌ
စီမံခန့်ခွဲရေးကော်မတီဇုန်(၁)
ဖုန်း-၀၉-၅၀၂၄၂၇၅

ဦးစိုးမြင့်
ဖုန်း-၂၁၂၀၁၅၊ ၂၂၉၈၂၆

ဒေါ်ငွေးကြွယ် ၁၂/ကမတ(နိုင်)၀၀၇၇၄၁နှင့် အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး/မြောက်အနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် ၂၂ မြေညီတွင်နေထိုင်သူ ဦးမြိုင်ကြီး(ခ)ကေဗျန်လီ ၁၂/ကမတ(နိုင်)၀၅၂၉၃၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမြိုင်ကြီး(ခ)ကေဗျန်လီသည် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ ၅-၁၀-၂၀၁၂ရက်တွင် စာချုပ်အမှတ် ၁၆၃၀၉/၂၀၁၂ ဖြင့် ဒေါ်ငွေးကြွယ် ၁၂/ကမတ(နိုင်)၀၀၇၇၄၁သို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းတို့နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့မိတ်ဆွေ၏ သဘောတူညီချက်မပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်းစသည့် မည်သည့်ကိစ္စရပ်များကိုမဆို မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ကေသီကျော် LL.B, D.B.L, D.I.L, D.M.L အထက်တန်းရှေ့နေ(စဥ်-၃၃၁၀၆) ဖုန်း-၀၉-၅၅၀၆၁၄၃
ဦးလင်းဘုန်းမြတ် LL.B အထက်တန်းရှေ့နေ(စဥ်-၃၇၈၀၅) ဖုန်း-၀၉-၄၂၈၁၆၃၀၂၅
အမှတ် ၁၅၈/၁၆၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နယ်သတင်းနှင့်ကြော်ငြာ

နိုင်ငံအဝန်း ဘာသာပေါင်းစုံ ချစ်ကြည်စွာနေထိုင်ရေး မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်၌ ကျင်းပ

မြစ်ကြီးနား စက်တင်ဘာ ၁၇

နိုင်ငံနှင့်အဝန်း၌ ဘာသာပေါင်းစုံ ချစ်ကြည်စွာဖြင့် အတူယှဉ်တွဲနေထိုင်ရေးအခမ်းအနားများ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိ ဓမ္မရက္ခိတဝန်းသို ကျောင်းတိုက်ကြီး၌ ဘာသာပေါင်းစုံ ချစ်ကြည်ရေးဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ချစ်ကြည်ရေးမိတ်ဆုံစားပွဲကို ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသီလဝံသနှင့် ဆရာတော်သံဃာတော်ငါးပါး ကြွရောက်တော်မူကာ ပြည်နယ်သာသနာရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးနိုင်နှင့်သာသနာရေးဆိုင်ရာဝန်ထမ်းများ၊ ဗဟိုဗလီဂေါပကအဖွဲ့ဥက္ကဋ္ဌဟာဂျီဦးမင်းလွင်နှင့် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ဂေါ်ရခါးနှင့် ဟိန္ဒူ အစရှိသည့် ဘာသာများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များအင်အား ၅၀ ခန့်တက်ရောက်ကြသည်။

မိန့်ကြား

တက်ရောက်လာကြသော ဘာသာပေါင်းစုံအကြီးအကဲများ ကိုယ်စား ဆရာတော်ကြီးက အချင်းချင်းစည်းလုံးညီညွတ်ရေး၊ ဘာသာသင်းခွဲခြင်း မပြုရေးတို့ မိန့်ကြားကာ အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ထို့နောက် အစ္စလာမ်သာသနာရေးကောင်စီ ဟာဂျီမဒေါ်လှမေ၊ ဗဟိုဗလီဥက္ကဋ္ဌနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြပြီး တက်ရောက်လာသည့် ဘာသာပေါင်းစုံမှ ဧည့်သည်တော်များ နေ့လယ်စာ အတူတကွစားသုံးခဲ့ကြောင်း သိရသည်။

မိုးဃ်းကျ (မြစ်ကြီးနား)

စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်

ဘိုကလေး စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီးဘိုကလေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ခုနှစ်အတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ဘိုကလေးမြို့နယ် သစ်တိုချောင်းကျေးရွာအုပ်စု ကုလားကြီးချောင်းကျေးရွာ တောင်သူဦးကံဝင်း၏လယ်ယာမြေ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်စိုး၊ မြို့နယ်ငါးလုပ်ငန်းဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး စပါးခင်းဧက ၄၀ အတွင်းသို့ ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀ကို မျိုးစိုက်ထည့်ကြသည်။

(အပေါ်ပုံ) (၀၈၇)

တမူးမြို့ သုံးမိုင်စစ်ဆေးရေးဂိတ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

တမူး စက်တင်ဘာ ၁၇

အိန္ဒိယနိုင်ငံ ချန်ဒရယ်ခရိုင် မောချမ်းကျေးရွာနေ မူးယစ်ဆေးဝါး လက်လီလက်ကားရောင်းဝယ်သူ လာကျုံးနုံးငါ ဦးဆောင်သောငါးဦးအဖွဲ့သည် အိန္ဒိယနိုင်ငံ မိုရေးမြို့မှ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဝယ်ယူ၍ ပြန်လည်ရောင်းချရန် ဆိုင်ကယ်အတွင်း ဝှက်၍သယ်ဆောင်လာကြောင်း သတင်းအရ စက်တင်ဘာ ၃ ရက် ည ၁၁နာရီ ၄၅ မိနစ်က တမူး မူးယစ်အထူးအဖွဲ့ ရဲအုပ်အောင်ဝင်းဆွေ၊ သုံးမိုင်ရဲကင်းမှူး ရဲအုပ်စိုင်းရွှေတိုး၊ ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ ဒုရဲအုပ်ထွန်းလွင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တမူးမြို့ သုံးမိုင်စစ်ဆေးရေးဂိတ် အာရှလမ်းမကြီးပေါ်တွင် စောင့်ဆိုင်းနေစဉ် တမူးမှ လူလင်လမ်း မောင်းနှင်လာသော တရုတ်နိုင်ငံလုပ် Zong Shen အနက်ရောင် ဆိုင်ကယ်၊ တွာငါ မောင်းနှင်လာသော အိန္ဒိယနိုင်ငံလုပ် Activeအနက်ရောင်ဆိုင်ကယ်၊ ငမ်သဲ မောင်းနှင်လာသော တရုတ်နိုင်ငံလုပ် Dayang အနက်ရောင်ဆိုင်ကယ်၊ လာကျုံးနုံးငါ မောင်းနှင်၍ ၎င်း၏ဇနီးဖြစ်သူ မကင်းဗွိုင်းနောက်မှ ထိုင်လိုက်လာသည့် Avenger အပြာရောင်ဆိုင်ကယ်လေးစီးတို့အား ဝိုင်းဝန်းပိတ်ဆို့ရပ်တန့် ရှာဖွေစစ်ဆေးခဲ့ရာ တွာငါ၏ ဆိုင်ကယ်ရှေ့ ရင်အုပ်၊ ဒူးကာကြားနှင့် ခြေနင်းခုံအောက်ဘောက်အတွင်း၌ ဘိန်းဖြူမှုန့် အလေးချိန် ၁၂ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၁ခွက်၊ ငမ်သဲ၏ဆိုင်ကယ် ရှေ့မီးခွက် ကာဗာအတွင်း ဘိန်းဖြူမှုန့် အလေးချိန် ၁၂ ဂရမ်ပါ ဆပ်ပြာခွက်တစ်ခွက်နှင့် Air Clender(လေစစ်ဘူး)အတွင်း အပြာရောင်ကပ်ခွာအိတ်ဖြင့် ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ ပါ တစ်ထုပ်နှင့် ၁၀၀ပြားပါ တစ်ထုပ် စုစုပေါင်း ဘိန်းဖြူအလေးချိန် ၁၄၀ ဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၁၄၄ သိန်း၊ စုစုပေါင်းဆေးပြား၂၆၀ ကာလတန်ဖိုးငွေကျပ် ၁၃သိန်းနှင့် လာကျုံးနုံးငါ၏ ဆိုင်ကယ်ဘက်ဘေးကာအတွင်း သိုဝှက်ထည့်ထားသော မူးယစ်ဆေးဝါးများ ဝယ်ယူရာမှ ကျန်ရှိသည့်မြန်မာငွေကျပ် ၂၅၀၀၀၊ အိန္ဒိယရူးပီးငွေကျပ် ၃၂၀၀၀တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်သူများဖြစ်သော လူလင်လမ်း (၂၇ နှစ်) အိန္ဒိယနိုင်ငံ၊ တွာငါ (၁၉နှစ်)အိန္ဒိယနိုင်ငံ၊ ငမ်သဲ (၃၇ နှစ်) အိန္ဒိယနိုင်ငံ၊ လာကျုံးနုံးငါ (၃၂ နှစ်) အိန္ဒိယနိုင်ငံ၊ မကင်းဗွိုင်း (၃၂ နှစ်) အိန္ဒိယနိုင်ငံတို့ကို တမူးရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားပြီး မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာကြောင်း စိစစ်တွေ့ရှိရသဖြင့် လဝကအက်ဥပဒေအရ အရေးယူသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၅၈)

တောတောင်ရှိမှ စမ်းရေရ၏။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟိုသာဝတီယာဉ်ရောင်းဝယ်ရေး စခန်းအမှတ် (၁)ဝင်းရှိ ဆိုင်ခန်းအမှတ်(၁၁)ပိုင်ရှင်ဗိုလ်မှူး မိုးဆွေနှင့် ဆိုင်ခန်းအမှတ် (၁၂) ပိုင်ရှင် ဗိုလ်မှူးစိုးထွက်းထံမှ ဦးဟုတ်သိန်း ၁၄/ပသန(နိုင်) ၁၄၆၇၅၀က အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပြီးဖြစ်ပါ၍ သက်ဆိုင်ရာဌာနတွင် ကျွန်တော် ဦးဟုတ်သိန်း၏ အမည်သို့ ပြောင်းလဲလွှဲပြောင်းထားမည်ဖြစ်ရာ အဆိုပါဆိုင်ခန်း (၂)ခန်းနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

ဦးဟုတ်သိန်း
၁၄/ပသန (နိုင်) ၁၄၆၇၅၀
အမှတ် (၁၁၃)၊ ပထမထပ်၊ အနော်ရထာလမ်း
ပုဇွန်တောင်မြို့နယ်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟိုသာဝတီယာဉ်ရောင်းဝယ်ရေး စခန်းအမှတ် (၂)တိုးချဲ့ဝင်းရှိ ဆိုင်ခန်းအမှတ် (က-၁၄)ကိုမူလပိုင်ရှင် ဒေါ်ခင်စန်း (HRGN ၀၀၇၇၈၄)ထံမှလည်းကောင်း၊ ဆိုင်ခန်းအမှတ် (၂၂) ကိုပိုင်ရှင် ဒေါ်ခင်မျိုးတင့် (၁၂/ကမရ (နိုင်) ၀၆၂၉၁၆)ထံမှလည်းကောင်း ဦးဝင်းလွင် (၁၂/ဥကမ (နိုင်) ၁၁၂၁၆၈) က အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပြီးဖြစ်ပါ၍ သက်ဆိုင်ရာဌာနတွင် ကျွန်တော်၏ အမည်သို့ပြောင်းလဲ လွှဲပြောင်းထားမည်ဖြစ်ရာ အဆိုပါဆိုင်ခန်း (၂)ခန်း နှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်သူများမရှိပါက အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

ဦးဝင်းလွင်
၁၂/ဥကမ (နိုင်) ၁၁၂၁၆၈
အမှတ် (၁၁၀)၊ ဝေပုလ္လ (၃)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅အီး², မြေကွက်အမှတ် ၁၄/၂ ၊ ၁၃B/၂ မြေကွက်တည်နေရာအမှတ် ၆၀၊ ဗားကရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ် မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များအသင်း အမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက် စာချုပ်မိတ္တူမှန်တင်ပြ၍ ဦးခင်မောင်ဝင်း ၉/မရတ(နိုင်)၀၀၉၆၆၉ သဘာပတိ မြေယာပစ္စည်းဌာန၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ်က အိမ်ဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅E², မြေကွက်အမှတ် ၁၇၊ ၁၄/၂ ၊ ၁၃B/၂ ၊ ၁၂B/၁ ၊ ၁၆/၁ မြေကွက်တည်နေရာအမှတ် ၆၀၊ ဗားကရာလမ်း၊ ကြည့်မြင်တိုင်မြို့နယ် မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များအသင်းအမည်ပေါက် ဂရန်ရှိ မြေပိုင်မြေအား အမည်ပေါက် စာချုပ်မိတ္တူမှန်တင်ပြ၍ ဦးခင်မောင်ဝင်း ၉/မရတ(နိုင်)၀၀၉၆၆၉ သဘာပတိ မြေယာပစ္စည်းဌာန၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ်က မှတ်တမ်းထားရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၂-ရပ်ကွက်၊ [illegible]

လွှဲအပ်ချက်အရ -

ဦးကိုနီ [B.A. (Law), LL.B] — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၄၇)

ဦးမောင်မောင်ဝေ (LL.B) — တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၈၁)

Laurel ဥပဒေအတိုင်ပင်ခံလုပ်ငန်း
အမှတ် (၁၂၈)၊ ပ-ထပ်၊ ၄၁-လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၇၇၈၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ အနော်မာလမ်း၊ မြေကွက်အမှတ် (၇၀၇/စ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ) ရှိ နှစ်(၆၀) ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစော်မင်း (၁၂/ကတတ (နိုင်) ၀၀၀၅၀၄)နှင့် ဒေါ်နီမာလွင် (၁၂/မဂဒ(နိုင်) ၀၀၁၂၆၇) တို့ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး — LL.B, D.B.L, D.I.L, Dip.CA, WIPO — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)

ဦးထိန်လင်းသန့် — LL.B, D.B.L, D.I.L, D.M.L, WIPO — တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm
အမှတ် (၁၀၅၊၁၀၇)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- [illegible]

အများသိစေရန်ကြော်ငြာချက်

[illegible]

ညွှန်ကြားချက်အရ -
ဒေါ်ခင်မာဌေး
တရားလွှတ်တော်ရှေ့နေ
[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်(၁၉)ရပ်ကွက်အောင်သဒြေလမ်းအမှတ်(၈၅၄-က)ဒေါ်ဌေးဌေးဦး၏နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်သည့်မြေ [illegible]

ဒေါ်ဝင်း၏ညွှန်ကြားချက်အရ

ဒေါ်ဝေဝေနိုင်(ခ)ဒေါ်မြမြဌေး (စဉ်-၆၆၀၅)

ဒေါ်နိုင်နိုင်ဝင်း (စဉ်-၈၅၂၈)

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၃၀၄)ဗေမာသီလမ်း(ယ)ရပ်ကွက်မြောက်ဥက္ကလာပမြို့နယ်ဖုန်း-၀၉-၅၅၀၇၂၂၉

" ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ UE (1) မြောက်တိုးချဲ့ [illegible] ဒေါ်ခင်သန်းမြင့် [illegible] (၁၄/ဖပန (နိုင်) ၀၉၁၀၉၀၅) ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေနှင့်အိမ် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးကြည်ဝင်း
၁၂/ဥကတ (နိုင်) ၀၆၅၄၃၁
အမှတ် (၄)၊ သုဓိတာလမ်း၊ (၁၅) ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ Ph: 095133458

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၉၂၃၊ ဧရိယာစတုရန်းပေ ၁၂၀၀ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ် ၉၂၃၊ ပင်းယလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် ဦးထွန်းကြည် ၁၂/ဥကတ(နိုင်)၀၇၈၇၃၆ အမည်ပေါက်မြေကွက်ပေါ်တွင် အထပ်မြင့် RC ခြောက်ထပ်တိုက် ဆောက်လုပ်မည်ဖြစ်ပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆောက်အအုံကို ဥပဒေနှင့်အညီ ဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်အိသီရိကြူ LL.B, M.A (Business Law)
အထက်တန်းရှေ့နေ (စဉ်-၂၇၃၆၆)
အမှတ် ၃၇၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊
ဖုန်း-၀၉-၇၃၁၆၄၉၂၅၊ ၀၉-၄၃၁၆၃၄၀၅

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၃

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက်လျှောက်လွှာတင်သွင်းနိုင်ပါသည်-

ရာထူး	လစ်လပ်	ပညာအရည်အချင်း
ဦးစီးအရာရှိ(ငွေစာရင်း)	၉ နေရာ	လက်မှတ်ရပြည်သူ့စာရင်းကိုင် အောင်လက်မှတ်ရရှိသူ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၁ - ၁၀ - ၂၀၁၃ ရက်နေ့တွင် အသက် ၃၅ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ် (၁၇) နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၁- ၁၀- ၂၀၁၃ နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်၊ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇ - ၆ - ၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၃၁၇ / ရွေးချယ်ရေး (အမိက)/ ၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၁-၁၀ - ၂၀၁၃နေ့အရောက် ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၂-၃-၂၀၁၄ရက် (စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကိုလည်းကောင်း၊ ၂၃-၃ -၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀-၃ -၂၀၁၄ ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင်ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၉။ ဤကြော်ငြာနှင့် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၁၅ / ၂၀၁၃

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

ရာထူး	လစ်လပ်	ပညာအရည်အချင်း
ဦးစီးအရာရှိ(ဌာနစုမှူး)	၂ နေရာ	မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ)
	၁ နေရာ	မဟာဥပဒေဘွဲ့

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၁၁ - ၁၀ -၂၀၁၃ ရက်နေ့တွင် အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇)၊ နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၁၁ - ၁၀ - ၂၀၁၃နေ့အရောက် လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် နေပြည်တော်(သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့ထံ ပေးပို့လျှောက်ထားရမည်။ **လျှောက်ထားရာတွင် မိမိတို့အမှန်တကယ် ရေးဖြေစာမေးပွဲဖြေဆိုမည့် နေပြည်တော် (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနကို တိတိကျကျဖော်ပြ လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါစာစစ်ဌာန၌သာ ရေးဖြေစာမေးပွဲကို ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်၊ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။**

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့၏ ၂၇ - ၆ - ၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၃၁၇ / ရွေးချယ်ရေး (အမိက)/ ၂၀၁၃ ဖြင့် ထုတ်ပြန်ထားသော **ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ လိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ဝန်ထမ်းများသည်** မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ် (၁၇) နေပြည်တော်သို့ ပေးပို့ရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ဖြစ်စေ၊ မိမိစာမေးပွဲဖြေဆိုမည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ဖြစ်စေ ၁၁ - ၁၀ - ၂၀၁၃နေ့အရောက် ပေးပို့ရမည်။

၆။ ရေးဖြေစာမေးပွဲကို **နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်စာစစ်ဌာနများတွင်** ကျင်းပမည်။ ၂၂-၃-၂၀၁၄ရက် (စနေနေ့)တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကိုလည်းကောင်း၊ ၂၃-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း ဖြေဆိုရမည်။

၇။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၀ - ၃ - ၂၀၁၄ရက်နေ့မှစ၍ နေပြည်တော်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများတွင် ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ရုံးအမှတ်(၁၇) နေပြည်တော် (တယ်လီဖုန်းအမှတ်၊ ၀၆၇ - ၄၀၉၀၅၂ နှင့် ၀၆၇ - ၄၀၉၄၃၀) (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

